# အုတ်ရှစ်ကုန်းကျေးရွာ

# သရက်မြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အုတ်ရှစ်ကုန်းကျေးရွာ၊ သရက်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

## ၂၀၁၉-ခုနှစ်၊ ဇွန်လ

## မာတိကာ


| | | |
|---|---|---|
| မာတိကာ | | ၂ |
| စကားချီး | | ၄ |
| အုတ်ရှစ်ကုန်းကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ သရက်မြို့နယ် | | ၇ |
| ၁။ | တည်နေရာနှင့် ပထဝီဝင်အနေအထား | ၈ |
| ၂။ | ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ | ၈ |
| ၃။ | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ | ၉ |
| ၄။ | စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ | |
| | (က) သီးနှံစိုက်ပျိုးရေး | ၉ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၁၀ |
| | (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | ၁၀ |
| | (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၁၁ |
| ၅။ | အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | ၁၁ |
| | (က) ကျေးလက်သယ်ယူပို့ဆောင်ရေး | ၁၁ |
| | (ခ) ကျေးရွာမီးလင်းရေး | ၁၁ |
| | (ဂ) သတင်းနှင့်ဆက်သွယ်ရေး | ၁၁ |
| ၆။ | ပညာရေး | ၁၂ |

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၂

၈။ ဘေးအန္တရယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၁၃

၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ ၁၃

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ ၁၄

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း ၁၆

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ ၁၈

နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၆၆

နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) ၆၉

နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) ၇၂

နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) ၇၅

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈–၂၀၁၉ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ခု ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ အုတ်ရှစ်ကုန်းကျေးရွာ၏ ကျေးရွာသူ၊ ကျေးရွာသားများ ပါဝင်ရေးဆွဲသည့် ပထမဦးဆုံး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖများ၊ ကျေးရွာနေပြည်သူများနှင့် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင် ကာလများက အစီအစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများမှ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့ သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက် တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင် ထပ်မံ လိုအပ်သော ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်

ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ် ဦးစီးဌာနများနှင့် အတူတကွချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိနားလည်ခဲ့ပါ သည်။

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့်အချက်အလက် များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်း စဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေသည့် အချိန်တွင်လည်း လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့်အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလ အပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန် လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖများ၊ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သရက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၏ အကြံပြုချက် များ၊ မကွေးတိုင်းအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက် ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည် ပါသည်။

ဤစီမံချက်တွင် အပိုင်းနှစ်ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ ရရှိမှုလမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်း အချက်အလက် အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက်အလက် များ ပါဝင်ပါသည်။

ဇွန်လ၊ ၂၀၁၉-ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အုတ်ရှစ်ကုန်းကျေးရွာ

သရက်မြို့နယ်

## မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်၊ အုတ်ရှစ်ကုန်းကျေးရွာအုပ်စု၊

## အုတ်ရှစ်ကုန်းကျေးရွာ၏ကျေးရွာနှင့် သယံဇာတပြမြေပုံ



## ၁။ ကျေးရွာ၏ တည်နေရာနှင့် ပထဝီဝင် အနေအထား

သရက်မြို့နယ်၊ ဆင်ကော်ကျေးရွာအုပ်စု၊ သီးကုန်းကျေးရွာသည် သရက်မြို့နှင့် (၁၀)မိုင်ခန့်အကွာတွင် တည်ရှိပြီး သရက်–မင်းလှ ကားလမ်းမကြီးမှ အတွင်းသို့ မြေနီလမ်း (၃)မိုင်ခန့် ဝင်ရောက်ရပါသည်။ ပွင့်လင်းရာသီတွင် သွားလာရလွယ်ကူသော်လည်း မိုးတွင်းကာလတွင် သရက်–မင်းလှ ကားလမ်းမသို့ သွားရာတွင် ပွန်းချောင်းကို ဖြတ်၍သွားလာရသဖြင့် သွားလာရေးခက်ခဲပါသည်။ အုတ်ရှစ်ကုန်းကျေးရွာနှင့် နယ်နိမိတ်ချင်း ထိစပ်နေသော ကျေးရွာများမှာ ရွာ၏ နောက်ဘက်တွင် ကွမ်းအုံကျေးရွာ၊ မြောက်ဘက်တွင် သပြေစမ်းကျေးရွာ၊ တောင်ဘက်တွင် ကြီးတိုင်းကျေးရွာတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျှက်ရှိပါသည်။ ကျေးရွာအနီးတွင် တောတောင်များရှိပြီး မြစ်ချောင်းမရှိပါ။ ကျေးရွာနေပြည်သူများ၏ အဓိကအသက်မွေးဝမ်းကျောင်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း ဖြစ်ပါသည်။ လယ်ယာမြေများသည် စပါး၊ ပဲ စိုက်ပျိုးထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကြောင်းရန်အတွက် အဓိကအားထားရာဖြစ်ပါသည်။

## ၂။ ရာသီဉ တုနှင့် သဘာဝအရင်းအမြစ်များ

ကျေးရွာ၏ ရာသီဉ တုအနေဖြင့် ပူပြင်းခြောက်သွေ့ပြီး တခါတရံ မိုးနည်းပြီး၊ တခါတရံ မိုးများသဖြင့် ရာသီဉ တု မမှန်သော အနေအထား ဖြစ်ပါသည်။

ကျေးရွာနေပြည်သူအများစုမှာ စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထား၍ လုပ်ကိုင်ကြပြီး စိုက်ပျိုးမြေဧက ပိုင်ဆိုင်မှုအဖြစ် လယ်မြေ (၁၇၃)ဧက၊ ယာမြေ(၃၀၇)ဧက၊ စားကျက်မြေ(၅၂)ဧကနှင့် မြေလွတ်မြေလတ်(၁၄၆)ဧက၊ စုစုပေါင်း စိုက်ပျိုးမြေဧက ပိုင်ဆိုင်မှု (၆၇၈)ဧက ပိုင်ဆိုင်ကြောင်း တွေ့ရှိရပါသည်။ တောင်သူ အိမ်ထောင်စုတစ်စုလျှင် ပျှမ်းမျှ

(၆)ကေခန့် ပိုင်ဆိုင်ကြောင်း တွေ့ရှိရပါသည်။ ကျေးရွာ အတွင်းရှိ မြေဆီလွှာ အရည်အသွေး အသင့်အတင့်ရှိပါသည်။

အုတ်ရှစ်ကုန်းကျေးရွာတွင် သတ္တုနှင့် အခြားတွင်းထွက် သယံဇာတများ (ခဲတ်ငွေ့၊ ရေနံ၊ ကျောက်မျက်)များ ထွက်ရှိမှုမရှိပါ။ နွားစာ/ ဝက်စာများ အဖြစ် စားကျက်မြေ အသင့်အတင့်ရှိပါသည်။ သဘာဝအပင်မျိုးစိတ်များရှိပြီး၊ တိရစ္ဆာန် မျိုးစိတ်များအဖြစ် ကြက်၊ ဝက်နှင့် နွားများသာရှိပါသည်။ အခြားရှားပါးတိရစ္ဆာန်မျိုးစိတ်များ မရှိကြောင်း၊ ကျောက်နှင့် သဲ အနည်းငယ် ရရှိနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

အုတ်ရှစ်ကုန်းကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများမှာ- ဘာသာရေး အသင်းအဖွဲ့များအဖြစ် ဂေါပကအဖွဲ့၊ လူမှုရေးအဖွဲ့အစည်းများအဖြစ် ရပ်မိရပ်ဖအဖွဲ့၊ အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့နှင့် နာယကအဖွဲ့၊ အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေး အဖွဲ့များအဖြစ် အုပ်ချုပ်ရေးအဖွဲ့နှင့် အရန်မီးသတ်အဖွဲ့တို့ ဖွဲ့စည်းဆောင်ရွက်လျှက် ရှိကြောင်း တွေ့ရှိရပါသည်။

ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်၍ ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းပါဝင်မှုဖြင့် ရွေးချယ် ဖွဲ့စည်းခဲ့ကြပါသည်။ ကော်မတီဝင်များသည် ကဏ္ဍအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများ အတွက် အစီအစဉ်ရေးဆွဲခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်ကြီးကြပ်ခြင်း စသဖြင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော လုပ်ငန်းများအား သက်ဆိုင်ရာ အဖွဲ့အစည်း များ၊ ဌာနများနှင့် ချိတ်ဆက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

အုတ်ရှစ်ကုန်းကျေးရွာတွင် နေထိုင်သည့်အိမ်ထောင်စု အများစုမှာ တောင်သူများဖြစ်ပြီး စိုက်ပျိုးမြေပိုင်ဆိုင်မှုများအဖြစ် စိုက်ပျိုးမြေ (၁၂)ကေအထက် ပိုင်ဆိုင်သူ အိမ်ထောင်စု(၅)စု၊ (၅)ကေမှ(၁၂.၅) ကေကြား ပိုင်ဆိုင်သူ အိမ်ထောင်စု(၅၄)စု၊ (၂.၅)ကေမှ (၅)ကေကြား စိုက်ပျိုးမြေပိုင်ဆိုင်သူ အိမ်ထောင်စု(၃၇)စု၊ (၂.၅)ကေအောက် ပိုင်ဆိုင်သူ (၂၄)စုနှင့် မြေပိုင်ဆိုင်မှု မြေယာမဲ့ လက်လုပ်လက်စား အိမ်ထောင်စု (၂၀)စု ရှိကြောင်း တွေ့ရှိရပါသည်။

အဓိကစိုက်ပျိုးသီးနှံမှာ စပါး၊ ပဲတီစိမ်း၊ ပဲကြီး၊ ကုလားပဲနှင့် နှမ်းဖြစ်ပါသည်။ ပဲတီစိမ်းအထွက်နှုန်းမှာ (၁) ကေလျှင် အနည်းဆုံး (၅)တင်း၊ အများဆုံး (၇)တင်းနှင့် ပျမ်းမျှ (၆)တင်း ထွက်ရှိပါသည်။ နှမ်းအထွက်နှုန်းမှာ (၁) ကေလျှင် အနည်းဆုံး (၇)တင်း၊ အများဆုံး (၉)တင်းနှင့် ပျမ်းမျှ (၈)တင်း ထွက်ရှိပါသည်။ စပါးအထွက်နှုန်းမှာ (၁) ကေလျှင် အနည်းဆုံး (၄၀)တင်း၊ အများဆုံး(၆၀)တင်းနှင့် ပျမ်းမျှ(၅၀)တင်း ထွက်ရှိပါသည်။ ပဲကြီး(၁)ကေအထွက်နှုန်းမှာ အနည်းဆုံး (၁၅)တင်း၊ အများဆုံး (၃၀)တင်းနှင့် ပျမ်းမျှ (၂၀)တင်း ထွက်ရှိပါသည်။ ကုလားပဲ(၁)ကေထွက်နှုန်းမှာ အနည်းဆုံး(၁၄)တင်း၊ အများဆုံး(၁၇)တင်းနှင့် ပျမ်းမျှ(၁၆) တင်း ထွက်ရှိပါသည်။ ဈေးကွက်အကျိုးအမြတ်အနေဖြင့် အနည်းအကျဉ်းသာရရှိပါသည်။

### (ခ) မွေးမြူရေးလုပ်ငန်း

အုတ်ရှစ်ကုန်းကျေးရွာတွင် ဆိတ်မွေးမြူရေးလုပ်ကိုင်သူ အိမ်ထောင်စု (၂)စုရှိပြီး ဝက်အကောင်ရေ (၁၃)ကောင်၊ ဝက်မွေးမြူရေးလုပ်ကိုင်သူ အိမ်ထောင်စု (၃၄)စု ရှိပြီး ဝက်အကောင်ရေ (၆၆)ကောင်၊ ကြက်မွေးမြူရေးလုပ်ကိုင်သူအိမ်ထောင်စု (၁၀၄)စုရှိပြီး ကြက်ကောင်ရေ (၁၀၁၂)ကောင် ၊ နွားမွေးမြူရေးလုပ်ကိုင်သူ အိမ်ထောင်စု (၉၇)စု ရှိပြီး

နွားအကောင်ရေ (၃၂၀) ကောင်နှင့် ဘဲမွေးမြူသူ အိမ်ထောင်စု (၅)အိမ်၊ ဘဲကောင်ရေ (၃၀)ကောင် မွေးမြူလျှက်ရှိကြောင်း တွေ့ရှိရပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ**

စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းမဟုတ်သော အခြားအသက်မွေး ဝမ်းကျောင်း လုပ်ငန်းများအဖြစ် စျေးရောင်းခြင်း၊ ကိုယ်ပိုင်စက်ချုပ်ခြင်း၊ ပို့ဆောင် ဆက်သွယ်ရေးအဖြစ် လိုင်းကားဆွဲခြင်းနှင့် နေ့စား/ ကျပန်းများအဖြစ် လုပ်ကိုင်ကြပြီး အခြားအသက်မွေး ဝမ်းကျောင်း အတတ်ပညာ တတ်မြောက်မှု အားနည်းသဖြင့် အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ရန် လိုအပ်ကြောင်း တွေ့ရှိရ ပါသည်။

**(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ကျေးရွာမှ ငွေလွှဲ/ငွေပို့ခြင်းလုပ်ငန်းများ ဆောင်ရွက်လိုပါက သရက်မြို့ရှိ မြန်မာ့ စီးပွားရေးဘဏ်နှင့် အခြားပုဂ္ဂလိကဘဏ်တို့သို့ သွားရောက်၍ ငွေလွှဲ/ ငွေပို့ခြင်းများ ဆောင်ရွက်ကြရပါသည်။

**၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

**(က) ကျေးလက်သယ်ယူပို့ဆောင်ရေး**

ကျေးရွာ၏ အဓိကထွက်ကုန်များကို သရက်မြို့စျေးကွက်သို့ သုံးဘီး/ကားဖြင့် ပို့ဆောင်ရောင်းချပါသည်။ ကျေးရွာတွင်းလမ်း၊ ချဉ်းကပ်လမ်းနှင့် ရွာချင်းဆက်လမ်းများ အားလုံးမှာ မြေသားလမ်းများဖြစ်သဖြင့် မိုးရာသီတွင် သွားရေးလာရေး ခက်ခဲမှုများ ကြုံတွေ့ ကြရပါသည်။ အုတ်ရှစ်ကုန်းကျေးရွာနေ အိမ်ထောင်စုများပိုင်ဆိုင်သည့် သယ်ယူ ပို့ဆောင် ရေးယာဉ်များအနေဖြင့်စက်ဘီး(၂၂)စီး၊မော်တော်ဆိုင်ကယ်(၆၀)စီး၊သုံးဘီး ဆိုင်ကယ် (၁)စီး၊ မော်တော်ကား(၂)စီးနှင့် နွားလှည်း(၁၀၃)စီး ရှိကြောင်းတွေ့ရှိရပါသည်။

### (ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် လျှပ်စစ်မီးမရရှိသေးကြောင်း၊ (၃)အိမ်မှာ ပုဂ္ဂလိကပိုင် ဒီဇယ်သုံး အင်ဂျင်မီး အသုံးပြုကြကြောင်း၊ ဆိုလာမီးအား (၁၁၇)အိမ် အသုံးပြုကြကြောင်း၊ အခြားအိမ်များမှာ ဖယောင်းတိုင်၊ ဘက်ထရီစသည်တို့ သုံးစွဲကြပါသည်။

### (ဂ) သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာနေအိမ်ထောင်စုအများစုမှာ တယ်လီဖုန်းများ ပိုင်ဆိုင်ကြပြီး ဖုန်း(၁၇၈) လုံး၊ ရေဒီယို (၆၄)လုံး၊ တီဗွီ (၄၅)လုံးနှင့် ဂြိုလ်တုစလောင်း (၂၅)လုံးတို့ ပိုင်ဆိုင်ကြခြင်းကြောင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးအခြေအနေ အတန်အသင့် ကောင်းမွန်ကြောင်း လေ့လာတွေ့ရှိရပါသည်။

### ၆။ ပညာရေး

ကျေးရွာသူ/သားများအနေဖြင့် ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိပြီး အများစုမှာ အခြေခံ အရေး၊ အဖတ်၊ အတွက်အချက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရ အရေအတွက် အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် မူလတန်းကျောင်းရှိပြီး အလယ်တန်းနှင့် အထက်တန်းပညာကို သရက်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက် ပညာသင်ယူကြရသည်။ အုတ်ရှစ်ကုန်းကျေးရွာမှ လက်ရှိအတန်းတက်ရောက် သင်ယူနေသူဦးရေမှာ မူလတန်းတွင် (၄၁)ဦး၊ အလယ်တန်းတွင် (၃၆)ဦး၊ အထက်တန်းတွင် (၉)ဦးနှင့် တက္ကသိုလ် တက်ရောက်နေ သူ (၉)ဦး ရှိပါသည်။

အုတ်ရှစ်ကုန်းကျေးရွာရှိ မူလတန်းကျောင်းတွင် စတုရန်းပေ(၈၀၀) အကျယ်ရှိ ကျောင်းဆောင်တစ်ဆောင်နှင့် စတုရန်းပေ (၄၀၀)အကျယ်ရှိ ကျောင်းဆောင်တစ်ဆောင် ရှိပါသည်။ မူလတန်းကျောင်းတွင် ကျောင်းသား (၂၂)ဦးနှင့် ကျောင်းသူ(၂၃)ဦး စုစုပေါင်း (၄၅)ဦး တက်ရောက် ပညာသင်ယူ လျှက်ရှိပါသည်။ အစိုးရခန့် ဆရာ/ ဆရာမ (၅)ဦးတို့မှ

တာဝန်ယူ သင်ကြားလျှက်ရှိပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

အုတ်ရစ်ကုန်းကျေးရွာနေပြည်သူများ ကျန်းမာရေးပြဿနာဖြစ်ပွားပါက သရက်မြို့သို့ သွားရောက်၍ ဆေးကုသမှုခံယူကြကြောင်းသိရှိရပါသည်။ ကျေးရွာ(သို့မဟုတ်) ကျေးရွာအနီး တွင်ဆေးဆိုင်မရှိပါ။ ဝမ်းပျက်ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင် စသောရောဂါ ဖြစ်ပွားမှုများ နည်းပါးကြောင်း တွေ့ရှိရပါသည်။ အခြား HIV/ AIDS ရောဂါများ ဖြစ်ပွားမှု လုံးဝမရှိပါ။

ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် လွန်ခဲ့သော (၁၂)လအတွင်း ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင်အသားဝါရောဂါ၊ ပိုလီယိုရောဂါ၊ ဝက်သက်ရောဂါ ဆင်ခြေ ထောက်ရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ စသည့် ရောဂါများအတွက် ကာကွယ်ဆေးနှင့် အခြားစုပေါင်းကာကွယ်ဆေး ထိုးနှံမှုများ ဆောင်ရွက်ခဲ့ခြင်းနှင့် အဟာရပညာပေး အစီအစဉ် များလည်း ဆောင်ရွက်ခဲ့ပါသည်။

ကျေးရွာနေအိမ်ထောင်စုများ သောက်သုံးရေရရှိမှု အနေဖြင့် ကျေးရွာပိုင် အုတ်စီတွင်း (၁)တွင်း၊ ရွာပိုင်စက်ရေတွင်း (၁)တွင်း၊ ပုဂ္ဂလိကပိုင် စက်ရေတွင်း(၅)တွင်း၊ ပုဂ္ဂလိကပိုင် တုံကင်တွင်း (၃၀)တွင်းရှိပြီး ကျေးရွာ၏ ပတ်ဝန်းကျင်သန့်ရှင်းရေးများကိုလည်း စနစ်တကျ ထိန်းသိမ်းဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ကျေးရွာနေ အိမ်ထောင်စုအများစုမှာ ကျန်းမာရေးဗဟုသုတရှိသည့် အားလျော်စွာ အိမ်ထောင်စုများအားလုံး သန့်ရှင်းသော ရေလောင်း/ယင်လုံ အိမ်သာသုံးစွဲကြပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင်း ချို့တဲ့နွမ်းပါးသော အိမ်ထောင်စုများသည် အငှားလိုက် နေ့စားများ အဖြစ် လုပ်ကိုင်ကြပြီး မိုးတွင်းကာလတွင် ငှားရမ်းသူမရှိခြင်းကြောင့် ဝင်ငွေနည်းပါးမှု

ကြုံတွေ့ရတတ်ပါသည်။အခြားသဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုနည်းပါးပါသည်။ကျန်းမာရေး ဆိုင်ရာ ဗဟုသုတကြွယ်ဝသည့်အတွက် ရောဂါဖြစ်ပွားမှုနှုန်းလည်း နည်းပါးပါသည်။

စိုက်ပျိုးမြေများမှာ နှစ်ကာလ ကြာရှည်စွာ စိုက်ပျိုးခဲ့ကြပြီး မြေဩဇာအသုံးပြုမှု နည်းပါးသဖြင့် သဘာဝမြေဆီလွှာ၏ အရည်အသွေးမှာ အသင့်အတင့်သာရှိပါသည်။

## ၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ ပါဝင်လှုပ်ရှားမှုရှိပြီး အမျိုးသားများ နည်းတူလုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိမှုအားနည်းပါသည်။ သို့သော် အခြားသောလူမှုရေးဆိုင်ရာ ကိစ္စရပ်များတွင် ဦးစီးဦးဆောင် ဆောင်ရွက်မှု ကောင်းမွန်ပြီး ကျေးရွာ၏ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးတွင်လည်း လုပ်ဆောင်နိုင်ကြပါသည်။ အုပ်ချုပ်ရေးကဏ္ဍမှလွဲ၍ အခြားကဏ္ဍ အသီးသီးတွင် အမျိုးသမီးများအပေါ် ကျားမ ခွဲခြားမှုမရှိဘဲ ပူးပေါင်း၍ ဆောင်ရွက်မှုများ အားကောင်းလာခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ၏ လုပ်ကိုင်ဆောင်ရွက်မှုများတွင် အထိုက်အလျောက် အောင်မြင်မှုများ ရရှိနေခြင်း ဖြစ်ပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

အုတ်ရှစ်ကုန်းကျေးရွာ၏ ဦးစားပေးစီမံချက်များကို ကျေးရွာတွင် လေ့လာတွေ့ရှိရသော လိုအပ်ချက်/ ပြဿနာများ၊ ကျေးရွာနေပြည်သူများ၏ ဆွေးနွေးအကြံပြုချက်များ အပေါ် အခြေခံ၍ ကျေးရွာလူထုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ပေးစီမံချက် များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| ကဏ္ဍ | စီမံချက် | ရမှတ် | ဦးစားပေး အဆင့် | စီမံချက်ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **လမ်းအဆင့်မြှင့်တင်ခြင်း** | ကျေးရွာတွင်းလမ်းကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း | ၂၄၃ | ၁ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေသိန်း(၁၀၀)နှင့် ပြည်သူထည့်ဝင်ငွေတို့ဖြင့်လမ်းအဆင့်မြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်ရန် | |
| **ပညာရေး** | စာသင်ကျောင်းသစ်တည်ဆောက်ရန် | ၂၂၃ | ၂ | သက်ဆိုင်ရာဦးစီးဌာနနှင့် ဆက်သွယ်၍ကျောင်းဆောင်သစ်ချထားပေးရေးတင်ပြတောင်းခံရန် | |
| **ရေရရှိရေး** | စက်ရေတွင်းတူးဖော်ခြင်း၊ ရေကန်တည်ဆောက်ခြင်းနှင့်ရေပိုက်လိုင်းသွယ်တန်းခြင်း | ၂၁၇ | ၃ | သက်ဆိုင်ရာဌာနများနှင့် ဆက်သွယ်၍ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နိုင်ရေးတင်ပြတောင်းခံရန် | |

| ကဏ္ဍ | စီမံချက် | ရမှတ် | ဦးစားပေးအဆင့် | စီမံချက်ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **မီးလင်းရေး** | ဆိုလာမီးရရှိရေးလုပ်ငန်းဆောင်ရွက်ရန် | ၁၉၇ | ၄ | သက်ဆိုင်ရာဌာနများနှင့် ဆက်သွယ်၍ ဆိုလာမီးရရှိရေး တင်ပြတောင်းခံရန် | |
| **ကျန်းမာရေး** | ကျန်းမာရေးဆေးပေးခန်းတင်ပြတောင်းခံရန် | ၁၈၉ | ၅ | သက်ဆိုင်ရာဦးစီးဌာနသို့ ကျန်းမာရေးဆေးပေးခန်းချထားပေးရေး တင်ပြတောင်းခံရန် | |
| **ကျန်းမာရေး** | အားကစားကွင်းတည်ဆောက်ရန် | ၁၅၇ | ၆ | ကျေးရွာနေပြည်သူများပူးပေါင်း၍ အားကစားကွင်း တည်ဆောက်နိုင်ရေး ဆောင်ရွက်ရန် | |
| **မွေးမြူရေး** | **တိရိစ္ဆာန်များကာကွယ်ဆေးထိုးနှံခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် အသိပညာပေးခြင်း** | **၁၃၂** | **၇** | သက်ဆိုင်ရာဦးစီးဌာနနှင့် ဆက်သွယ်၍ တိရိစ္ဆာန်ရောဂါမကျရောက်ရန် ကာကွယ်ဆေးထိုးနှံရန်၊ ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ရန်နှင့် အသိပညာပေးဟောပြောပွဲများ ကျင်းပရန် | |

နောက်ဆက်တွဲ (၁)

## သရက်မြို့နယ်၊ အုတ်ရှစ်ကုန်းကျေးရွာအုပ်စု၊ အုတ်ရှစ်ကုန်းကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဖအမည် | မှတ်ပုံတင်အမှတ် | မွေးသက္ကရာဇ် | ပညာ အရည်အချင်း | ရာထူး | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|---|
| ၁ | ဦးသန်းအောင် | ဦးညီခင် | ၈/သရန(နိုင်)၀၉၁၀၂၃ | ၂၀.၁၀.၁၉၅၉ | ၄-တန်းအောင် | ဥက္ကဋ္ဌ | ၀၉-၄၂၉၉၁၃၉၀၁ |
| ၂ | ဦးထွန်းငွေ | ဦးရေချမ်း | ၈/သရန(နိုင်)၀၉၄၈၅၀ | ၃၁.၅.၁၉၆၁ | ၄-တန်းအောင် | အတွင်းရေးမှူး | ၀၉-၄၂၆၇၃၀၂၉၄ |
| ၃ | ဦးဌေးလွင်(ခ) ဦးကျော်လေး | ဦးကျန်လှိုင် | ၈/သရန(နိုင်)၀၉၁၀၄၇ | ၄.၄.၁၉၇၀ | ၉-တန်းအောင် | ဘဏ္ဍာရေးမှူး | ၀၉-၂၅၆၁၄၈၃၃၂ |
| ၄ | ဦးမြတ်သူနိုင် | ဦးမျိုးညွန့် | ၈/သရန(နိုင်)၀၇၄၂၀၃ | ၂၅.၈.၁၉၈၂ | ၄-တန်းအောင် | စာရင်းကိုင် | ၀၉-၂၅၆၃၆၃၅၅၄ |
| ၅ | ဦးခိုင်လင်းထွန်း | ဦးဝင်းလှိုင် | ၈/သရန(နိုင်)၀၈၆၀၇၇ | ၁.၅.၁၉၈၄ | ၄-တန်းအောင် | သော့ကိုင် | ၀၉-၂၆၄၇၀၇၀၀၁ |
| ၆ | ဒေါ်တင်တင်ဆွေ | ဦးတင်ဝင်း | ၈/သရန(နိုင်)၀၆၄၅၄၈ | ၂၀.၁.၁၉၇၉ | ၄-တန်းအောင် | သော့ကိုင် | ၀၉-၇၇၅၈၃၂၉၃၀ |
| ၇ | ဦး:လွမ်းမိုးအောင် | ဦးကျော်မြ | ၈/သရန(နိုင်)၁၀၀၃၁၀ | ၁၉၉၄ | ဒုတိယနှစ်(သမိုင်း) | အဖွဲ့ဝင် | ၀၉-၄၀၂၄၈၅၆၈၁ |
| ၈ | ဦးဇော်ဇော်အောင် | ဦးညာဏ်ငွေ | ၈/သရန(နိုင်)၁၉၂၀၈၆ | ၇.၁၂.၁၉၉၄ | ဝိဇ္ဇာဘွဲ့(ပထဝီ) | အဖွဲ့ဝင် | ၀၉-၄၂၃၅၇၅၉၁၇ |
| ၉ | ဒေါ်နုနုဝင်း | ဦးကျန်လှိုင် | ၈/သရန(နိုင်)၀၆၄၅၉၄ | ၆.၁.၁၉၈၄ | ၄-တန်းအောင် | အဖွဲ့ဝင် | ၀၉-၂၅၆၀၈၈၄၉၂ |

**သရက်မြို့နယ်၊ အုတ်ရှစ်ကုန်းကျေးရွာအုပ်စု၊ အုတ်ရှစ်ကုန်းကျေးရွာ၏ ဝယ်ယူရေးကော်မတီဝင်များစာရင်း**

| စဉ် | အမည် | အဖအမည် | မှတ်ပုံတင်အမှတ် | မွေးသက္ကရာဇ် | ပညာ အရည်အချင်း | ရာထူး | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|---|
| ၁ | ဦးမြတ်သူနိုင် | ဦးမျိုးညွန့် | ၈/သရန(နိုင်)၀၇၄၂၀၃ | ၂၅.၈.၁၉၈၂ | ၄–တန်းအောင် | စာရင်းကိုင် | ၀၉–၂၅၆၃၆၃၅၅၄ |
| ၂ | ဦးခိုင်လင်းထွန်း | ဦးဝင်းလှိုင် | ၈/သရန(နိုင်)၀၈၆၀၇၇ | ၁.၅.၁၉၈၄ | ၄–တန်းအောင် | သော့ကိုင် | ၀၉–၂၆၄၇၀၇၀၀၁ |
| ၃ | ဒေါ်တင်တင်ဆွေ | ဦးတင်ဝင်း | ၈/သရန(နိုင်)၀၆၄၅၄၈ | ၂၀.၁.၁၉၇၉ | ၄–တန်းအောင် | သော့ကိုင် | ၀၉–၇၇၅၈၃၂၉၃၀ |

**နောက်ဆက်တွဲ (၂)**

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

### (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃ | ၄ | ၇ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၁၃ | ၁၁ | ၂၄ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂၀ | ၂၂ | ၄၂ |
| ၁၀နှစ်မှ၁၄နှစ်အထိ | အလယ်တန်းကျောင်းသားအရွယ် | ၂၁ | ၁၅ | ၃၆ |
| ၁၅နှစ်မ ၆၄နှစ်အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၀၅ | ၂၂၅ | ၄၃၀ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁၇ | ၂၂ | ၃၉ |
| **စုစုပေါင်း** | | **၂၇၉** | **၂၉၉** | **၅၇၈** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၄၀** | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ အုတ်ရှစ်ကုန်းကျေးရွာတွင် အိမ်ထောင်စု (၁၄၀)စု၊ အမျိုးသား (၂၇၉)ဦး၊ အမျိုးသမီး (၂၉၉)ဦး ဖြစ်ပြီး လူဦးရေစုစုပေါင်း (၅၇၈)ဦး နေထိုင်လျှက်ရှိပါသည်။ နေထိုင်သူ လူဦးရေ၏ (၅%)ခန့်မှာ မွေးကင်းစမှ ၅-နှစ် အရွယ် ကလေးငယ်များဖြစ်ပြီး၊ ကျောင်းနေအရွယ် ကလေးဦးရေ (၁၃%)၊ သက်ကြီးရွယ်အိုဦးရေ (၈%)နှင့် (၁၅-နှစ်မှ ၆၄-နှစ်)အတွင်း အလုပ်လုပ်နိုင်သောအရွယ်ရှိ လူဦးရေ(၇၄%)ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို စနစ်တကျ လေ့ကျင့်သင်ကြားပေးမည်ဆိုပါက ဒေသစီးပွားရေး တိုးတက်အောင်စွမ်းဆောင်နိုင်မည်ဖြစ်ပါသည်။ ကျေးရွာအိမ်ထောင်စု အားလုံးမှာ ဗမာလူမျိုးများဖြစ်ပြီး ဗုဒ္ဓဘာသာကိုးကွယ်ကြသူများဖြစ်ပါသည်။

## (ခ)	အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀၀ | ၂၉၈ | | လတ် |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၃ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၄ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| | | | | | |
| ၅ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၅ | |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၆ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၇ | **ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၈ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၉ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၁၀ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်း လုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၁၁ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၁၂ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ဝန်ထမ်း | | | | |
| ၁၃ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း/ရာသီအလိုက် အလုပ်သမား | ၃၉ | ၁၂၇ | | |
| ၁၄ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | | | | လတ် |
| | **စုစုပေါင်း** | **၁၄၀** | **၄၂၆** | | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး

**လေ့လာတွေ့ရှိချက်။** ။ အဓိကဝင်ငွေရ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ဆောင်မှု အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်း အဓိကလုပ်ကိုင်ကြပြီး၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ် လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ အဓိက လုပ်ငန်းများအပြင် တစ်ဖက်တစ်လမ်းမှ ဝင်ငွေ ရရှိမည့် တွဲဖက်လုပ်ငန်းများအဖြစ် စက်ချုပ်ခြင်း၊ ကားများဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်ခြင်းတို့ ဆောင်ရွက်ကြကြောင်း သိရှိရပါသည်။

## (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၅၀၀ |
| ၂ | ဆောက်လုပ်ရေး၊ လက်သများ၊ ပန်းရံလုပ်ငန်း | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၅၀၀ |
| ၃ | လက်လီလက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၄ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊သင်တန်းပေးသူ စသည်) | နေ့စား | | | | |

ရင်းမြစ်.. ဦးတည်အုပ်စု ဆွေးနွေးခြင်း -ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သူများအနေဖြင့် ပျိုးကြဲချိန်နှင့် ရိတ်သိမ်းချိန်တို့တွင် အများဆုံးလုပ်အားခနှုန်းမှာ အမျိုးသားတစ်ဦးလျှင် (၅၀၀၀ိ/-)နှုန်း၊ အမျိုးသမီးတစ်ဦးလျှင် (၃၀၀၀ိ/-)နှုန်းနှင့် အနည်းဆုံးလုပ်အားခနှုန်းမှာ အမျိုးသားတစ်ဦး လျှင် (၃၀၀၀ိ/-)နှုန်း၊ အမျိုးသမီးတစ်ဦးလျှင် (၁၅၀၀ိ/-)နှုန်းအငှားခေါ်၍ လုပ်ငန်း ဆောင်ရွက် ကြရသည်။ လက်သမားပန်းရံလုပ်ငန်းများတွင် နေ့စားလိုက်လုပ်အားခ အများဆုံးနှုန်းမှာ အမျိုးသားတစ်ဦးလျှင် (၅၀၀၀ိ/-)နှုန်း၊ အမျိုးသမီးတစ်ဦးလျှင် (၃၀၀၀ိ/-)နှုန်းနှင့် အနည်းဆုံး လုပ်အားခနှုန်းမှာ အမျိုးသားတစ်ဦး လျှင် (၃၀၀၀ိ/-)နှုန်း၊ အမျိုးသမီးတစ်ဦးလျှင် (၁၅၀၀ိ/-) နှုန်း ရရှိကြကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

## (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး |
|---|---|---|
| လယ်မြေ | ၁၇၃ | သင့် |
| ယာမြေ / တောင်ယာမြေ | ၃၀၇ | သင့် |
| ဥယျာဉ်ခြံမြေ | | |
| ကိုင်း/ကျွန်းမြေ | | |
| စားကျက်မြေ | ၅၂ | သင့် |
| မြေလွတ်မြေလပ် | ၁၄၆ | သင့် |
| **စုစုပေါင်း** | **၆၇၈** | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာနေပြည်သူအများစုမှာ စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထား၍ လုပ်ကိုင်ကြပြီး စိုက်ပျိုးမြေဧက ပိုင်ဆိုင်မှုအဖြစ် လယ်မြေ (၁၇၃)ဧက၊ ယာမြေ(၃၀၇)ဧက၊ စားကျက်မြေ(၅၂)ဧကနှင့် မြေလွတ်မြေလတ်(၁၄၆)ဧက၊ စုစုပေါင်း စိုက်ပျိုးမြေဧက ပိုင်ဆိုင်မှု (၆၇၈)ဧက ပိုင်ဆိုင်ကြောင်း တွေ့ရှိရပါသည်။ တောင်သူ အိမ်ထောင်စုတစ်စုလျှင် ပျမ်းမျှ (၆)ဧကခန့် ပိုင်ဆိုင်ကြောင်း တွေ့ရှိရပါသည်။ ကျေးရွာ အတွင်းရှိ မြေဆီလွှာ အရည်အသွေး အသင့်အတင့်ရှိပါသည်။

## (၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု | အသုံးချနိုင်မှု |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက် သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ကျောက်မျက်စသည်။) | မရှိ | အသုံးမပြုနိုင်ပါ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | နည်း | ခက် |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင် များ) | နည်း | ခက် |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | နည်း | ☒ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ အုတ်ရှစ်ကုန်းကျေးရွာတွင် သတ္တုနှင့် အခြားတွင်းထွက် သယံဇာတများ (ဓါတ်ငွေ့၊ ရေနံ၊ ကျောက်မျက်)များ ထွက်ရှိမှုမရှိပါ။ နွားစာ/ ဝက်စာများ အဖြစ် စားကျက်မြေ အသင့်အတင့်ရှိပါသည်။ သဘာဝအပင်မျိုးစိတ်များရှိပြီး၊ တိရစ္ဆာန် မျိုးစိတ်များအဖြစ် ကြက်၊ ဝက်နှင့် နွားများသာရှိပါသည်။ အခြားရှားပါးတိရစ္ဆာန်မျိုးစိတ်များ မရှိကြောင်း၊ ကျောက်နှင့် သဲ အနည်းငယ် ရရှိနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဃ) ဥစ္စာဓနအဆင့် အခြေအနေ**

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင် စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင် စု |
| **မြေယာပိုင်ဆိုင်မှု** | လယ်+ယာ+ ကိုင်းစုစုပေါင်း ပိုင်ဆိုင်မှု (၇)ကေနှင့် အထက် | လယ်+ယာ+ ကိုင်းစုစုပေါင်း ပိုင်ဆိုင်မှု (၂)ကေနှင့် အထက် | လယ်+ယာ+ ကိုင်းစုစုပေါင်း ပိုင်ဆိုင်မှု (၂)ကေ အောက် | မြေမရှိ |
| **အိမ်အခြေအနေ** | ပျဉ်ကာ၊ ပျဉ်ခင်း၊သွပ်မိုး | ပျဉ်ကာ၊ ပျဉ်ခင်း၊သွပ်မိုး | ဝါးထရံကာ၊ ဝါးခင်း၊သွပ်မိုး | ဝါးထရံကာ၊ဝါးခ င်း၊ သက်ကယ်မိုး/ သွပ်မိုး |
| **ကုန်ထုတ်လုပ်မှုနှ င့် ဆိုင်သော ပိုင်ဆိုင်မှု** | လက်တွန်း ထွန်စက် | ထွန်၊ထယ်၊ခါး ပေါက်ပြား | ထွန်၊ထယ်၊ခါး ပေါက်ပြား | ထွန်၊ထယ်၊ခါး ပေါက်ပြား |
| **အခြားပိုင်ဆိုင်မှု** | ကား၊ဆိုင်ကယ်၊ ဖုန်း၊ တီဗွီ၊ စလောင်း၊ ရေဒီယို | ဆိုင်ကယ်၊ဖုန်း၊ တီဗွီ၊စလောင်၊ ရေဒီယို | ဖုန်း | – |
| **အဓိကစီးပွားရေး လုပ်ငန်း** | တောင်သူ | တောင်သူ | တောင်သူ | ကျပန်း |
| **အိမ်ထောင်စု** | **၃၆** | **၄၇** | **၃၈** | **၁၉** |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။**  ။ ကျေးရွာနေအိမ်ထောင်စုများ၏ ဥစ္စာဓနအဆင့်များခွဲခြားရာတွင် အဆင်ပြေသောအိမ်ထောင်စု (၃၆)စု၊ အလယ်အလတ်ရှိသော အိမ်ထောင်စု (၄၇)စု၊ မပြေလည်သော အိမ်ထောင်စု (၃၈)စု နှင့် အလွန်မပြေလည်သော အိမ်ထောင်စု (၁၉)စု ရှိကြောင်း တွေ့ရှိရပါသည်။ ဥစ္စာဓနအဆင့် သတ်မှတ်ရာတွင် ကျေးရွာသည် တောင်သူအများစုနေထိုင်သည့် ကျေးရွာဖြစ်သည့်အတွက် လယ်/ယာမြေကော ပိုင်ဆိုင်မှု အခြေအနေ၊ ကုန်ထုတ်လုပ်ငန်းနှင့်ဆိုင်သော စက်ပစ္စည်းပိုင်ဆိုင်မှုအခြေအနေ၊ အခြားစက်ပစ္စည်း ပိုင်ဆိုင်မှု အခြေအနေတို့အပေါ်မူတည်၍ အဆင့်သတ်မှတ်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

### (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ဆင်းရဲသောအိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|
| ၃လအောက် ဝမ်းစာဖူလုံမှု | – | အခြားအစားအစာပြောင်းလဲစား=……………..<br>အစားလျှော့စား =……………....<br>အထောက်အပံ့ယူ =……………..<br>ချေးယူ = ……………...<br>လုပ်အားခကြိုယူ = …………….. |
| ၃လ နှင့် ၆လ ကြား ဝမ်းစာဖူလုံမှု | – | အခြားအစားအစာပြောင်းလဲစား=……………..<br>အစားလျှော့စား =……………....<br>အထောက်အပံ့ယူ =……………..<br>ချေးယူ = ……………...<br>လုပ်အားခကြိုယူ = …………….. |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|
| ၆လ နှင့် ၁၂လ ကြား ဝမ်းစာဖူလုံမှု | – | အခြားအစားအစာပြောင်းလဲစား=……………..<br>အစားလျှော့စား =……………...<br>အထောက်အပံ့ယူ =……………..<br>ချေးယူ =……………….<br>လုပ်အားခကြိုယူ =……………….. |

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာမှ အဆင်မပြေသော အိမ်ထောင်စုများရှိသော်လည်း ဝမ်းစာမဖူလုံမှု မရှိကြောင်း၊ အလုပ်အကိုင်နည်းပါးသောကာလများနှင့် ကျန်းမာရေးထိခိုက်မှု ရှိသောကာလများတွင် ဆွေမျိုးများထံမှ ချေးငွေရယူခြင်းဖြင့် ဖြေရှင်းကြကြောင်း လေ့လာ သိရှိရပါသည်။

## (င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | – | – | – |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | – | – | – |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | – | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် | – | | |

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| အိမ်ထောင်စု | | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | | – | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အုတ်ရှစ်ကုန်းကျေးရွာတွင် ထိခိုက်လွယ်သော အိမ်ထောင်စုများ၊ ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော မိသားစုများ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မရှိ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | လတ် |
| ၃ | ရေကြီးခြင်း | မရှိ |
| ၄ | မိုးခေါင်ခြင်း | နိမ့် |
| ၅ | အအေးလွန်ကဲခြင်း | မရှိ |
| ၆ | မုန်တိုင်း | မရှိ |
| ၇ | လျှော | မရှိ |
| ၈ | မီးဘေး | မရှိ |
| ၉ | ဆားငန်ရေဝင်မြေ | မရှိ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မရှိ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မရှိ |
| ၁၂ | ငှက်ဖျားရောဂါ | မရှိ |
| ၁၃ | တီဘီရောဂါ | မရှိ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု |
|---|---|---|
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မရှိ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | နိမ့် |
| ၁၇ | လူကုန်ကူးခြင်း | မရှိ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည် | နိမ့် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အုတ်ရှစ်ကုန်းကျေးရွာတွင် သဘာဝအရင်းအမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)သော်လည်း အခြားစားနပ်ရိက္ခာမဖူလုံမှုများ၊ မိုးခေါင်ခြင်း၊ မြေပြို/ မြေသြဇာ ပျက်စီးခြင်း၊ မီးဘေး၊ သစ်တောပြုန်းတီးခြင်း၊ ငှက်ဖျား၊ တီဘီရောဂါ၊ ပြည်တွင်းပဋိပက္ခများ ဖြစ်ပွားမှု မရှိကြောင်း၊ လမ်းပမ်းဆက်သွယ်ရေးလည်း အသင့်အတင့်ကောင်းမွန်ကြောင်း လေ့လာသိရှိရပါသည်။

### (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု |
|---|---|---|
| ၁ | လူငယ် | မရှိ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | နိမ့် |
| ၃ | ဆင်းရဲသားတောင်သူ | လတ် |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မရှိ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မရှိ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မရှိ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မရှိ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မရှိ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု |
|---|---|---|
| ၉ | ငါးကန်ပိုင်ရှင်များ | မရှိ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | နိမ့် |
| ၁၁ | လူနည်းစုလူမျိုးများ | နိမ့် |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မရှိ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မရှိ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မရှိ |
| ၁၅ | ဆေးစွဲသူများ | မရှိ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မရှိ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | နိမ့် |
| ၁၈ | နေရပ်ပြန် အခြေချသူများ | နိမ့် |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | နိမ့် |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မရှိ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အုတ်ရှစ်ကုန်းကျေးရွာတွင် ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် မိသားစု နည်းပါးသည့်အတွက် ထိခိုက်လွယ်မှု နည်းပါးကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

## (က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | စွမ်းဆောင်နိုင်မှု |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | အုပ်ချုပ်ရေး အဖွဲ့ | အုပ်ချုပ်ရေး | ၁၀ | | ၁၀ | လုံခြုံရေးနှင့် ကာကွယ်ရေး | သင့် |
| ၂ | နာယကအဖွဲ့ | ဘာသာရေး နှင့်ယဉ်ကျေးမှု အဖွဲ့ | ၅ | | ၅ | သာရေး/နာရေး ၊ ပညာရေး၊ လူမှုဖွံ့ဖြိုးရေး | သင့် |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | စွမ်းဆောင်နိုင်မှု |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၃ | ရပ်မိရပ်ဖအဖွဲ့ | လူမှုရေးအဖွဲ့ | ၅ | | ၅ | ငွေကြေး၊ သာရေး/နာရေး ၊ ပညာရေး၊ လူမှုဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေး၊မွေးမြူရေး | သင့် |
| ၄ | လူငယ်အဖွဲ့ | လူမှုရေးအဖွဲ့ | ၅ | | ၅ | ဘာသာရေး၊ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေး | သင့် |
| ၅ | အမျိုးသမီးအဖွဲ့ | လူမှုရေးအဖွဲ့ | | ၅ | ၅ | ကျန်းမာရေး၊ ဘာသာရေး | သင့် |
| ၆ | ပရဟိတ | လူမှုရေးအဖွဲ့ | ၅ | ၅ | ၁၀ | ဘာသာရေး၊ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေး | သင့် |
| | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ရွှေပန်းကိုင်းကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများမှာ- ဘာသာရေးအသင်းအဖွဲ့များအဖြစ် ဂေါပကအဖွဲ့၊ လူမှုရေးအဖွဲ့အစည်းများ အဖြစ် ရပ်မိရပ်ဖအဖွဲ့၊ လူငယ်အဖွဲ့၊ အမျိုးသမီးအဖွဲ့၊ အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေး အဖွဲ့များအဖြစ် အုပ်ချုပ်ရေးအဖွဲ့တို့ ဖွဲ့စည်းဆောင်ရွက်လျှက်ရှိကြောင်း တွေ့ရှိရပါသည်။

## (က-၂)   ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

အုတ်ရစ်ကုန်းကျေးရွာ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်း မရှိသေးကြောင်း တွေ့ရှိရပါသည်။

## (ခ)   စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

## (ခ-၁)  သီးနှံထုတ်လုပ်ရေး

## (၁)   စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၂၀ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ကေအောက် | ၂၄ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ကေမှ ၅ ကေ ကြား | ၃၇ | တောင်သူငယ် |
| ၄ | ၅ ကေမှ ၁၂.၅ ကေကြား | ၅၄ | တောင်သူလတ် |
| ၅ | ၁၂.၅ ကေ အထက် | ၅ | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၁၄၀** | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။**   ။ အုတ်ရစ်ကုန်းကျေးရွာတွင် နေထိုင်သည့်အိမ်ထောင်စု အများစုမှာ တောင်သူများဖြစ်ပြီး စိုက်ပျိုးမြေပိုင်ဆိုင်မှုများအဖြစ် စိုက်ပျိုးမြေ (၁၂)ကေအထက် ပိုင်ဆိုင်သူ အိမ်ထောင်စု(၅)စု၊ (၅)ကေမှ(၁၂.၅) ကေကြား ပိုင်ဆိုင်သူ အိမ်ထောင်စု(၅၄)စု၊

(၂.၅)ကေမှ (၅)ကေကြား စိုက်ပျိုးမြေပိုင်ဆိုင်သူ အိမ်ထောင်စု(၃၇)စု၊ (၂.၅)ကေအောက် ပိုင်ဆိုင်သူ (၂၄)စုနှင့် မြေပိုင်ဆိုင်မှု မြေယာမဲ့ လက်လုပ်လက်စား အိမ်ထောင်စု (၂၀)စု ရှိကြောင်း တွေ့ရှိရပါသည်။

## (၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | ရေသောက် (ကေ) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | မိုးရေ | ၆၂၉ | ရာသီအလိုက် | ရှိ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာမှ တောင်သူများအနေဖြင့် မိုးရေကိုသာအဓိကထား စိုက်ပျိုးကြကြောင်း တွေ့ရှိရပါသည်။

## (၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံ စိုက်ပျိုးသည့်ကာလ | | သွင်းအားစု လိုအပ်ချက် | အမြတ်ရရှိနိုင်မှု |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | |
| ပဲတီစိမ်း | ၂၈၀ | တင်း | ၅ | ၇ | ၆ | မေ | ဇူလိုင် | မြင့် | နိမ့် |
| နှမ်း | ၂၇ | တင်း | ၇ | ၉ | ၈ | မေ | ဩဂုတ် | မြင့် | နိမ့် |
| စပါး | ၁၇၃ | တင်း | ၄၀ | ၆၀ | ၅၀ | ဇူလိုင် | နိုဝင်ဘာ | မြင့် | နိမ့် |
| ပဲကြီး | ၂၉၀ | တင်း | ၁၅ | ၃၀ | ၂၀ | စက်တင်ဘာ | ဇန်နဝါရီ | မြင့် | နိမ့် |
| ကုလားပဲ | ၁၀၀ | တင်း | ၁၄ | ၁၇ | ၁၆ | နိုဝင်ဘာ | ဖေဖော်ဝါရီ | မြင့် | နိမ့် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အဓိကစိုက်ပျိုးသီးနှံမှာ စပါး၊ ပဲတီစိမ်း၊ ပဲကြီး၊ ကုလားပဲနှင့် နှမ်းဖြစ်ပါသည်။ ပဲတီစိမ်းအထွက်နှုန်းမှာ (၁) ဧကလျှင် အနည်းဆုံး (၅)တင်း၊ အများဆုံး (၇)တင်းနှင့် ပျမ်းမျှ (၆)တင်း ထွက်ရှိပါသည်။ နှမ်းအထွက်နှုန်းမှာ (၁) ဧကလျှင် အနည်းဆုံး (၇)တင်း၊ အများဆုံး (၉)တင်းနှင့် ပျမ်းမျှ (၈)တင်း ထွက်ရှိပါသည်။ စပါးအထွက်နှုန်းမှာ (၁) ဧကလျှင် အနည်းဆုံး (၄၀)တင်း၊ အများဆုံး(၆၀)တင်းနှင့် ပျမ်းမျှ(၅၀)တင်း ထွက်ရှိပါသည်။

ပဲကြီး(၁)ကေအထွက် နှုန်းမှာ အနည်းဆုံး (၁၅)တင်း၊ အများဆုံး (၃၀)တင်းနှင့် ပျမ်းမျှ (၂၀)တင်း ထွက်ရှိပါသည်။ ကုလားပဲ(၁)ကေထွက်နှုန်းမှာ အနည်းဆုံး(၁၄)တင်း၊ အများဆုံး (၁၇)တင်းနှင့် ပျမ်းမျှ(၁၆)တင်း ထွက်ရှိပါသည်။ ဈေးကွက်အကျိုးအမြတ်အနေဖြင့် အနည်းအကျဉ်းသာရရှိပါသည်။

## (၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦးချင်း ပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|
| ထွန်စက် | – | – | – | – |
| လက်တွန်း ထွန်စက် | ၃ | – | – | – |
| အစေ့ချ ကိရိယာ | – | – | – | – |
| ရိတ်သိမ်းခြွေလှေ့ စက် | – | – | – | – |
| ရိတ်သိမ်းစက် | – | – | – | – |
| ခြွေလှေ့စက် | – | – | – | – |
| ရေစုပ်စက် | – | – | – | – |
| ခြေနင်းရေတင်စ က် | – | – | – | – |
| မြက်ရိတ်စက် | ၄ | – | – | – |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ စိုက်ပျိုးရေးသုံးစက်ကိရိယာ ပိုင်ဆိုင်မှုအနေဖြင့် ပုဂ္ဂလိကပိုင် လက်တွန်းလယ်ထွန်စက် (၃)စီးနှင့် မြက်ရိတ်စက်(၄)ခု ရှိကြောင်း တွေ့ရှိရပါသည်။

## (၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| သဘာဝ ရေမြေရာသီဥတု အနေအထား | သင့်တင့်မျှတ |
| လယ်ယာမြေ အသုံးချနိုင်မှု | သင့်တင့်မျှတ |
| စိုက်ပျိုးရေ အရင်းအမြစ် | အသင့်အတင့်ရှိ |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | ရသည် |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် |
| သဘာဝမြေဆွေး / အော်ဂဲနစ် မြေသြဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | ဝယ်ယူရနိုင်သည် |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | ဝယ်ယူရနိုင်သည် |
| လုပ်သားရရှိနိုင်မှု | ရနိုင်သည် |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | ရနိုင်သည် |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | သီးနှံများကို ရောင်းချနိုင်သည် |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာ မြို့နယ်အစိုးရဦးစီးဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ အုတ်ရှစ်ကုန်းကျေးရွာ၏ သဘာဝရေမြေရာသီဥတုအနေအထား အနေဖြင့် မြေဆီလွှာ အသင့်အတင့်ကောင်းမွန်ခြင်း၊ ရာသီဥတုကောင်းမွန်မည်ဆိုပါက စိုက်ပျိုးရေရရှိနိုင်ခြင်း၊ သီးနှံမျိုးစေ့များ၊ သဘာဝမြေဆွေး/ အော်ဂဲနစ်မြေသြဇာနှင့် အခြား ပိုးသတ်ဆေး၊ ဓါတ်မြေသြဇာစသည်တို့ အလွယ်တကူ ဝယ်ယူရရှိနိုင်ခြင်းနှင့် အရင်းအနှီး အဖြစ် သမဝါယမဦးစီးဌာနနှင့် စိုက်ပျိုးရေးဘဏ်မှ ချေးငွေများရရှိခြင်း၊ လုပ်သားအလွယ်

တကူ ရရှိနိုင်ခြင်း၊ စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ ရရှိခြင်းတို့သည် ကျေးရွာနေ တောင်သူများအတွက် များစွာအထောက်အကူပြုလျှက်ရှိကြောင်း တွေ့ရှိရ ပါသည်။

### (၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

| **ပြဿနာနှင့် အခက်အခဲများ** | **ဖော်ပြချက်/ရှင်းလင်းချက်** |
|---|---|
| သဘာဝ ရေမြေရာသီဥတု အနေအထား | ရာသီဉတုမမှန် |
| လယ်ယာမြေ အသုံးချနိုင်မှု | လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ |
| စိုက်ပျိုးရေ အရင်းအမြစ် | အလွယ်တကူမရနိုင် |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | အလွယ်တကူမရနိုင် |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | အလွယ်တကူမရနိုင် |
| သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | အလွယ်တကူမရနိုင် |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | အလွယ်တကူမရနိုင် |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူမရနိုင် |
| သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု | သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မ ရောင်းချနိုင်ပါ။ |
| ဖျက်ပိုးနှင့် ရောဂါကျရောက်မှု | မဖြေဆိုပါ |

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ သီးနှံထုတ်လုပ်မှုအတွက် အဓိကပြဿနာမှာ မိုးရေကို အဓိကထား စိုက်ပျိုးရသည့် ကျေးရွာဖြစ်သည့်အတွက် ရာသီဉတုမမှန်ခြင်းမှာ

အဓိကပြဿနာ ဖြစ်ပါသည်။ ရေသွင်းစိုက်ပျိုးရန်အတွက် ရေအရင်းအမြစ် ရှားပါးပါသည်။ သီးနှံအထွက် တိုးရန်နှင့် မြေဩဇာကောင်းရန် နည်းပညာလိုအပ်လျှက်ရှိပါသည်။ လုပ်သားများ အလွယ် တကူမရပါ။ သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၁) မွေးမြူရေး ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေး ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးလုပ်ငန်းလုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၉၇ | ၃၂၀ |
| နို့စားနွား | - | - |
| ကျွဲ | - | - |
| မြင်း | - | - |
| မြည်း | - | - |
| လား | - | - |
| ဆိတ် | ၂ | ၁၃ |
| သိုး | - | - |
| ဝက် | ၃၄ | ၆၆ |
| ကြက် | ၁၀၄ | ၁၀၁၂ |
| ဘဲ | ၅ | ၃၀ |
| နွားနောက် | | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။အုတ်ရစ်ကုန်းကျေးရွာတွင် ဆိတ်မွေးမြူရေးလုပ်ကိုင်သူ အိမ်ထောင်စု (၂)စုရှိပြီး ဝက်အကောင်ရေ (၁၃)ကောင်၊ ဝက်မွေးမြူရေးလုပ်ကိုင်သူ အိမ်ထောင်စု (၃၄)စု

ရှိပြီး ဝက်အကောင်ရေ (၆၆)ကောင်၊ ကြက်မွေးမြူရေးလုပ်ကိုင်သူအိမ်ထောင်စု (၁၀၄)စုရှိပြီး ကြက်ကောင်ရေ (၁၀၁၂)ကောင် ၊ နွားမွေးမြူရေးလုပ်ကိုင်သူ အိမ်ထောင်စု (၉၇)စု ရှိပြီး နွားအကောင်ရေ (၃၂၀) ကောင်နှင့် ဘဲမွေးမြူသူ အိမ်ထောင်စု (၅)အိမ်၊ ဘဲကောင်ရေ (၃၀)ကောင် မွေးမြူလျှက်ရှိကြောင်း တွေ့ရှိရပါသည်။

**(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက်  အခွင့်အလမ်းများ**

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| စားကျက်မြေ | အသင့်အတင့်ရနိုင် |
| ရေရရှိမှု | အသင့်အတင့်ရနိုင် |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | မဖြေဆိုပါ |
| ဈေးငွေ | ဈေးငွေ အသင့်အတင့်ရနိုင်ပါသည်။ |
| သွင်းအားစု (မွေးမြူရေး အစာ၊ဆေးစသည်)ဈေးကွက် | မဖြေဆိုပါ |
| ဝန်ဆောင်မှု နှင့် နည်းပညာ ပံ့ပိုးမှု | မဖြေဆိုပါ |
| ထုတ်ကုန် ရောင်းဝယ်မှု | မဖြေဆိုပါ |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | အသင့်အတင့်ရှိပါသည်။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အုတ်ရစ်ကုန်းကျေးရွာအနေဖြင့် မွေးမြူရေးနှင့် သားငါး ထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်း နည်းပါးပါသည်။

## (၃) မွေးမြူရေး တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| စားကျက်မြေ | စားကျက်မြေရှားပါသည်။ |
| ရေရရှိမှု | ရေရှားပါသည်။ |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူမရနိုင်ပါ။ |
| ချေးငွေ | ချေးငွေ လွယ်ကူစွာမရပါ။ |
| သွင်းအားစု (မွေးမြူရေး အစာ၊ ဆေး စသည်) ဈေးကွက် | မဖြေဆိုပါ |
| ဝန်ဆောင်မှုနှင့် နည်းပညာ ပံ့ပိုးမှု | မဖြေဆိုပါ |
| ထုတ်ကုန် ရောင်းဝယ်မှု | မဖြေဆိုပါ |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | မြေနေရာအလုံအလောက်မရှိပါ။ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ စားကျက်မြေရှားပါးခြင်း၊ မျိုးကောင်းတိရစ္ဆာန် လက်လှန်းမှီမှု မရှိခြင်း၊ အိမ်ခြံဝန်းအတွင်း မြေနေရာ လုံလောက်မှုမရှိခြင်းစသည့် အခက်အခဲများ ရှိပါသည်။

## (ခ-၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

### (၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း များ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| လုပ်သားအင်အား ရရှိနိုင်မှု | အသင့်အတင့် |
| လယ်ယာသားငါးထွက်ကုန် မဟုတ်သော အခြားဒေသထွက်ကုန် များကို ရောင်းချရန် ဈေးကွက်ရှိခြင်း | ဈေးကွက် အသင့်အတင့် |
| ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိခြင်း | အသင့်အတင့် နားလည်သည် |
| လမ်းပန်းဆက်သွယ်ရေးအခြေအနေ | သင့် |
| ကုန်ကြမ်း ရရှိနိုင်ခြင်း | သင့် |
| လျှပ်စစ်မီး ရရှိနိုင်ခြင်း | မဖြေဆိုပါ |
| ချေးငွေ ရရှိနိုင်ခြင်း | ချေးငွေရရှိနိုင်သည်။ |
| အသက်မွေးဝမ်းကျောင်း နည်းပညာဆိုင်ရာနှင့် အသေးစား/ အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ ဝန်ဆောင်မှု ရရှိခြင်း | မဖြေဆိုပါ |
| အလုပ်နှင့် လိုက်လျောညီထွေဖြစ်သော (သို့မဟုတ်) အသက်မွေး ဝမ်းကျောင်းပြုနိုင်သော ပညာတစ်ခုခုကို တတ်မြောက်ခြင်း | အသင့်အတင့် |
| အလုပ်အကိုင် အခွင့်အလမ်း | အသင့်အတင့် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းမဟုတ်သော အခြားအသက်မွေးဝမ်းကျောင်း လုပ်ငန်းများအဖြစ် ဈေးရောင်းခြင်း၊ ကိုယ်ပိုင်စက်ချုပ်ခြင်း၊ ပို့ဆောင်ဆက်သွယ်ရေးအဖြစ် လိုင်းကားဆွဲခြင်းနှင့် နေ့စား/ ကျပန်းများအဖြစ် လုပ်ကိုင်ကြပြီး

အခြားအသက်မွေးဝမ်းကျောင်း အတတ်ပညာ တတ်မြောက်မှု အားနည်းသဖြင့် အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ရန် လိုအပ်ကြောင်း တွေ့ရှိရ ပါသည်။

**(၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ**

ဇယား (၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက် အခဲများ

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| လုပ်သားအင်အား ရရှိနိုင်မှု | ရှားပါး |
| လယ်ယာသားငါး ထွက်ကုန်မဟုတ်သော အခြား ဒေသထွက်ကုန်များကို ရောင်းချရန် ဈေးကွက်ရှိခြင်း | ဈေးကွက်မကောင်း |
| ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိခြင်း | ဈေးကွက်အခြေအနေကို ကောင်းစွာ နားမလည် |
| လမ်းပန်းဆက်သွယ်ရေးအခြေအနေ | အလွန်ညံ့ |
| ကုန်ကြမ်း ရရှိနိုင်ခြင်း | ကုန်ကြမ်းမရှိပါ |
| လျှပ်စစ်မီး ရရှိနိုင်ခြင်း | လုံးဝ မရပါ |
| ချေးငွေ ရရှိနိုင်ခြင်း | လိုသလောက် လွယ်ကူစွာ ချေးငွေမရပါ |
| အသက်မွေးဝမ်းကျောင်း နည်းပညာဆိုင်ရာ နှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ ဝန်ဆောင်မှု ရရှိခြင်း | နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုး တက်မှုဆိုင်ရာ ဝန်ဆောင်မှုများ လုံးဝမရပါ |
| အလုပ်နှင့် လိုက်လျောညီထွေ ဖြစ် သော (သို့မဟုတ်) အသက်မွေး ဝမ်းကျောင်းပြု နိုင်သော ပညာတစ်ခုခုကို တတ်မြောက်ခြင်း | ကျွမ်းကျင်စွာ တတ်မြောက်ခြင်း မရှိ |
| အလုပ်အကိုင် အခွင့်အလမ်း | အလုပ်အကိုင်အခွင့်အလမ်းမရှိ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အုတ်ရှစ်ကုန်းကျေးရွာနေပြည်သူများသည် စိုက်ပျိုးရေးလုပ်ငန်းနှင့် လက်လုပ်လက်စားကျပန်းအလုပ်ကိုသာ အဓိကထား လုပ်ကိုင်ကြပြီး အခြားကုန်ထုတ်လုပ်ငန်းများ မလုပ်ကိုင်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဂ) ရွှေ့ပြောင်းလုပ်သားများ

### (ဂ-၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

| # | ပုံစံ | အိမ်ထောင်စု အရေအတွက် | ပြည်တွင်း | | | ပြည်ပ | | | လူဦးရေ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | "ရွှေ့ပြောင်း သွား လာ နေထိုင်သူ" တစ်ဦးအနည်းဆုံး ရှိသော အိမ်ထောင်စုနှင့်လူဦးရေ | ၄၅ | ၅ | ၁၁ | ၁၆ | ၃၃ | – | ၃၃ | ၃၈ | ၁၁ | ၄၉ |
| ၂ | ကျေးရွာပြင်ပသို့ ရွှေ့ပြောင်းမှုကာလ | | | | | | | | | | |
| | ၃ လ အထိ | | ၁ | – | ၁ | – | – | – | ၁ | – | ၁ |
| | ၆ လ အထိ | | ၃ | ၁၀ | ၁၃ | – | – | – | ၃ | ၁၀ | ၁၃ |
| | ၁၂ လ အထိ | | ၁ | ၁ | ၂ | – | – | – | ၁ | ၁ | ၂ |
| | ၁၂ လ အထက် | | – | – | – | ၃၃ | – | ၃၃ | ၃၃ | – | ၃၃ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အုတ်ရှစ်ကုန်းကျေးရွာနေပြည်သူများသည် စိုက်ပျိုးရေးကိုသာ

အဓိကထား ဆောင်ရွက်ကြပြီး စီးပွားရေး၊ စားဝတ်နေရေးအတွက် အခြားဝင်ငွေရလုပ်ငန်း နည်းပါးသဖြင့် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် အခြားပြည်တွင်းမြို့များသို့ သွားရောက်၍ အလုပ်လုပ်ကိုင်ကြခြင်းများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၈-၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

| စဉ် | အကြောင်းရင်း | လူဦးရေ |
|---|---|---|
| ၁ | ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန် | ၄၅ |
| ၂ | နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း | - |
| ၃ | ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း | - |
| ၄ | လူမှုရေး၊ ကျန်းမာရေး ကိစ္စများကြောင့် (social protection, health) | - |
| ၅ | အမျိုးအမည် ခွဲခြားမဖော်ပြနိုင် (သို့မဟုတ်) အကြောင်းအရင်းကို ဖြေဆိုထားခြင်း/ ဖြေဆိုလိုခြင်းမရှိ | - |

ရင်းမြစ် ... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ မိမိတို့ကျေးရွာမှ ပြည်တွင်းရှိ အခြားမြို့များ၊ ထိုင်းနိုင်ငံနှင့် မလေးရှား နိုင်ငံတို့သို့ ရွှေ့ပြောင်းသွားလာခြင်း၏ အဓိကအကြောင်းရင်းမှာ မိသားစု စားဝတ်နေရေး မပြေလည်ခြင်း၊ စိုက်ပျိုးရေးတွင် ရာသီဥတုမကောင်းခြင်း/ ပိုးကျခြင်း တို့ကြောင့် အထွက်နှုန်းကျသဖြင့် ဝင်ငွေရရှိမှု နည်းပါးခြင်း၊ အခြားလုပ်ငန်းများမှ အခကြေးငွေရရှိမှုနည်းပါးခြင်းတို့ ကြုံတွေ့ကြရသည့်အတွက် မိသားစုဝင်ငွေ ပိုမိုရရှိစေရန် အခြားမြို့များနှင့် နိုင်ငံရပ်ခြားသို့ သွားရောက်၍ အလုပ်လုပ်ကိုင်ကြခြင်းဖြစ်ကြောင်း သိရှိရပါသည်။

## (ဂ-၃)ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

| စဉ် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | | | |
|---|---|---|---|---|---|
| | | စုစုပေါင်း | မြင့် | လတ် | နိမ့် |
| ၁ | ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက် | ၄၅ | ၄၅ | | |
| ၂ | ပြန်ပို့ငွေ လမ်းကြောင်းများ | | | | |
| | - က။ ငွေလွှဲလုပ်ငန်း (ဟွန်ဒီ) | – | ☒ | | |
| | - ခ။ ဘဏ် | ၄၅ | | | |
| | - ဂ။ လူကြုံဖြင့်လွှဲပို့ခြင်း | – | | | |
| | - ဃ။ အထက်ပါ (က၊ ခ၊ ဂ) အနက်မှ နည်းလမ်းနှစ်မျိုး ကို အသုံးပြု၍ | – | | | |
| | - င။ အထက်ပါ (က၊ ခ၊ ဂ) အနက်မှ နည်းလမ်းသုံးမျိုး လုံးကို အသုံးပြု၍ | – | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာမှ နိုင်ငံရပ်ခြားတို့တွင် အလုပ်လုပ်ကိုင် နေသူများ သည် မိမိတို့မိသားစုထံသို့ အဓိကအားဖြင့် ဘဏ်မှတစ်ဆင့် ငွေလွှဲပေးပို့ကြကြောင်း သိရှိ ရပါသည်။

## (ဃ) ကုန်စည်နှင့် ဝန်ဆောင်မှုဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| **ဈေးကွက်လက်လှမ်းမီမှု** | **အနီးဆုံးဈေး** | **အကြီးစားဈေးကွက်** |
|---|---|---|
| ဈေးအမည် (မြို့/ ရွာ) | သရက်မြို့ | သရက်မြို့ |
| ရွာမှအကွာအဝေး (မိုင်) | ၁၅ မိုင်အထက် | ၁၅ မိုင်အထက် |
| သယ်ယူပို့ဆောင်ရေး နည်းလမ်း | ကား/သုံးဘီး | ကား/သုံးဘီး |
| ကုန်စည်နှင့်ဝန်ဆောင်မှု ရရှိနိုင်မှု | စားသောက်ကုန် (ကုန်စိမ်း၊ ကုန်ခြောက်)၊ မီးဖိုချောင်သုံးနှင့် အိမ်သုံး ပစ္စည်း၊ အဝတ်အထည်၊ ဆောက်လုပ်ရေး ပစ္စည်းများ၊ ပရိဘောဂများ၊ ပစ္စည်းစုံ ဝန်ဆောင်မှုစုံ ရနိုင်ပါသည်။ | စားသောက်ကုန် (ကုန်စိမ်း၊ ကုန် ခြောက်)၊ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း၊ အဝတ်အထည်၊ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများ၊ပစ္စည်းစုံ ဝန်ဆောင်မှုစုံ ရနိုင်ပါသည်။ |
| ဈေးအခြေခံအဆောက်အဦ | သင့် | သင့် |
| ဝန်ဆောင်မှု | သင့် | သင့် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အုတ်ရစ်ကုန်းကျေးရွာမှ ထွက်သောနှမ်း/စပါး/ပဲမျိုးစုံစသော စိုက်ပျိုးသီးနှံ များ၊ ဝက်/ကြက်စသော မွေးမြူရေးအကောင်များ စသည်တို့အား အဓိကအား ဖြင့် ရွာနှင့်(၁၈)မိုင်ခန့်ကွာဝေးသည့် သရက်မြို့သို့ ကား/သုံးဘီး/ဆိုင်ကယ်ဖြင့် သွားရောက်၍ ရောင်းချကြကြောင်း၊ မိသားစုမီးဖိုချောင်သုံးပစ္စည်းများ၊ အိမ်သုံးပစ္စည်းများ၊ အဝတ် အထည်၊ ပရိဘောဂပစ္စည်းစသည့် အသုံးအဆောင်ပစ္စည်းများ ဝယ်ယူလိုပါကလည်း သရက်မြို့မှ ဝယ်ယူကြကြောင်းလေ့လာသိရှိရပါသည်။

## (င) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည်ပေးဆပ်ရမည့်ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေ ရရန် အခက်အခဲများ |
|---|---|---|---|---|---|
| အစိုးရဘဏ် (မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်/ မြန်မာ့စီးပွားရေးဘဏ်) | ကာလတိုချေးငွေ ☐<br>ကာလလတ်ချေးငွေ ✔<br>ကာလရှည်ချေးငွေ ☐ | ၃-၆လအတွင်း☐<br>၆-တစ်နှစ်အတွင်းÂ<br>တစ်နှစ်နှင့်အထက်☐ | အတိုးမဲ့ ☐<br>၁ မှ ၂% ☐<br>၂ မှ ၅% ☐<br>၅ မှ ၁၀% ✔<br>၁၀%ထက်☐ | လိုအပ်သည် Â<br>မလိုအပ်ပါ ☐ | ရှိသည် ☐<br>နည်းသည် ✔<br>မရှိပါ ☐ |
| သမဝါယမချေးငွေ | ကာလတိုချေးငွေ ☐<br>ကာလလတ်ချေးငွေ ✔<br>ကာလရှည်ချေးငွေ ☐ | ၃-၆လအတွင်း☐<br>၆-တစ်နှစ်အတွင်းÂ<br>တစ်နှစ်နှင့်အထက်☐ | အတိုးမဲ့ ☐<br>၁ မှ ၂% ☐<br>၂ မှ ၅% ✔<br>၅ မှ ၁၀% ☐<br>၁၀%ထက်☐ | လိုအပ်သည် ☐<br>မလိုအပ်ပါ ✔ | ရှိသည် ☐<br>နည်းသည် ✔<br>မရှိပါ ☐ |
| ပုဂ္ဂလိကဘဏ် | ကာလတိုချေးငွေ ☐<br>ကာလလတ်ချေးငွေ ☐<br>ကာလရှည်ချေးငွေ ☐ | ၃-၆လအတွင်း☐<br>၆-တစ်နှစ်အတွင်း☐<br>တစ်နှစ်နှင့်အထက်☐ | အတိုးမဲ့ ☐<br>၁ မှ ၂% ☐<br>၂ မှ ၅% ☐<br>၅ မှ ၁၀% ☐<br>၁၀%ထက်☐ | လိုအပ်သည် ☐<br>မလိုအပ်ပါ ☐ | ရှိသည် ☐<br>နည်းသည် ☐<br>မရှိပါ ☐ |
| ပုဂ္ဂလိက အသေးစား ချေးငွေဝန်ဆောင်မှုကဏ္ဍ | ကာလတိုချေးငွေ ☐<br>ကာလလတ်ချေးငွေ ☐<br>ကာလရှည်ချေးငွေ ☐ | ၃-၆လအတွင်း☐<br>၆-တစ်နှစ်အတွင်း☐<br>တစ်နှစ်နှင့်အထက်☐ | အတိုးမဲ့ ☐<br>၁ မှ ၂% ☐<br>၂ မှ ၅% ☐<br>၅ မှ ၁၀% ☐<br>၁၀%ထက်☐ | လိုအပ်သည် ☐<br>မလိုအပ်ပါ ☐ | ရှိသည် ☐<br>နည်းသည် ☐<br>မရှိပါ ☐ |
| အဖွဲ့အလိုက် ငွေစု/ ငွေချေးအစီအစဉ် | ကာလတိုချေးငွေ ☐<br>ကာလလတ်ချေးငွေ ☐<br>ကာလရှည်ချေးငွေ ☐ | ၃-၆လအတွင်း☐<br>၆-တစ်နှစ်အတွင်း☐<br>တစ်နှစ်နှင့်အထက်☐ | အတိုးမဲ့ ☐<br>၁ မှ ၂% ☐<br>၂ မှ ၅% ☐<br>၅ မှ ၁၀% ☐<br>၁၀%ထက်☐ | လိုအပ်သည် ☐<br>မလိုအပ်ပါ ☐ | ရှိသည် ☐<br>နည်းသည် ☐<br>မရှိပါ ☐ |
| ငွေချေးပေးသူ | ကာလတိုချေးငွေ ☐<br>ကာလလတ်ချေးငွေ ☐<br>ကာလရှည်ချေးငွေ ☐ | ၃-၆လအတွင်း☐<br>၆-တစ်နှစ်အတွင်း☐<br>တစ်နှစ်နှင့်အထက်☐ | အတိုးမဲ့ ☐<br>၁ မှ ၂% ☐<br>၂ မှ ၅% ☐<br>၅ မှ ၁၀% ☐<br>၁၀%ထက်☐ | လိုအပ်သည် ☐<br>မလိုအပ်ပါ ☐ | ရှိသည် ☐<br>နည်းသည် ☐<br>မရှိပါ ☐ |

| ဈေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေးဝန်ဆောင်မှု အမျိုးအစား | ပြန်လည်ပေးဆပ်ရမည့်ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ဈေးငွေ ရရန် အခက်အခဲများ |
|---|---|---|---|---|---|
| မိတ်ဆွေနှင့် ဆွေမျိုးများ | ကာလတိုချေးငွေ ☐<br>ကာလလတ်ချေးငွေ ☐<br>ကာလရှည်ချေးငွေ Â | ၃–၆လအတွင်း☐<br>၆–တစ်နှစ်အတွင်း☐<br>တစ်နှစ်နှင့်အထက် ✔ | အတိုးမဲ့ ☐<br>၁ မှ ၂% ☐<br>၂ မှ ၅% ☐<br>၅ မှ ၁၀%✔ | လိုအပ်သည် Â<br>မလိုအပ်ပါ ☐ | ရှိသည် ☐<br>နည်းသည် ✔<br>မရှိပါ ☐ |
| အပေါင်ဆိုင် | ကာလတိုချေးငွေ ☐<br>ကာလလတ်ချေးငွေ ☐<br>ကာလရှည်ချေးငွေ ☐ | ၃–၆လအတွင်း☐<br>၆–တစ်နှစ်အတွင်း☐<br>တစ်နှစ်နှင့်အထက်☐ | အတိုးမဲ့ ☐<br>၁ မှ ၂% ☐<br>၂ မှ ၅% ☐<br>၅ မှ ၁၀% ☐<br>၁၀%ထက်☐ | လိုအပ်သည် ☐<br>မလိုအပ်ပါ ☐ | ရှိသည် ☐<br>နည်းသည် ☐<br>မရှိပါ ☐ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေး ဝန်ဆောင်မှုပေးသောအဖွဲ့များ။

**လေ့လာတွေ့ရှိချက်။** ။ဈေးငွေရရှိမှုအနေဖြင့် သမဝါယမဦးစီးဌာနမှ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် ကာလတိုချေးငွေရရှိပြီး (၆)လတစ်ကြိမ် ပြန်လည်ပေးဆပ်ရကြောင်း၊ အတိုးနှုန်း ၁၀၀ကျပ်လျှင် ၁ကျပ်ပြား၅၀နှုန်း ပေးသွင်းရကြောင်း၊ အပေါင်ခံ ပစ္စည်းပေးရန်မလိုကြောင်း၊ ပုံစံ(၇)ရှိသည့် လယ်(၁)ဧကလျှင် ပျမ်းမျှ ချေးငွေကျပ်(၁၆၀၀၀၀) ရရှိကြောင်း သိရှိရပါသည်။ စိုက်ပျိုးရေး ဘဏ်မှ ချေးငွေ လယ်(၁)ဧကလျှင် (၁၀၀၀၀၀)ကျပ်၊ ယာ(၁)ဧကလျှင် (၅၀၀၀၀)ကျပ်ဖြင့် ချေးယူခွင့် ရရှိကြောင်း၊ (၁၀၀)ကျပ်လျှင် ပြား(၈၀)နှုန်း အတိုးပေးသွင်းရကြောင်း သိရှိရပါသည်။ ဝင်ငွေနည်းပါးသော ကာလများတွင် စားဝတ်နေရေးအတွက် ဆွေးမျိုးများထံမှ ချေးငွေရယူကြကြောင်း လေ့လာတွေ့ရှိရပါသည်။

## (စ) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှု

## (စ-၁) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

| **အခက်အခဲ** | **အန္တရာယ်ရှိမှု** |
|---|---|
| မြေဆီဩဇာ အခြေအနေ | လတ် |
| အပင်မျိုးစိတ်များ | လတ် |
| ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု | လတ် |
| ရေအရင်းအမြစ် | နိမ့် |
| ငါးမျိုးကွဲများ | နိမ့် |
| အခြားတိရိစ္ဆာန်မျိုးကွဲများ | နိမ့် |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | နိမ့် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ စိုက်ပျိုးမြေ၏ မြေဆီမြေဩဇာအခြေအနေမှာ အသင့်အတင့်ကောင်းမွန်သဖြင့် အချို့သော မြေကေ အနည်းငယ်အတွက်သာ စိုက်ပျိုးရန် အခက်အခဲ အနည်းငယ်ရှိကြောင်း၊ အပင်မျိုးစိတ်များမှာလည်း ကောင်းမွန်သဖြင့် အခက်အခဲမရှိကြောင်း၊ ရေအရင်းအမြစ်အနေဖြင့် မိုးတွင်းကာလတွင်သာ စိုက်ပျိုးရေရရှိသဖြင့် မိုးခေါင်သော နှစ်များတွင် စိုက်ပျိုးရေ လုံလောက်စွာမရရှိကြောင်း၊ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင် အားနည်းလျှက်ရှိ ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဆ) ပညာရေး

## (ဆ-၁) ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

| အတန်းပညာ ပြီးမြောက်မှု | ကျား | မ | ပေါင်း |
|---|---|---|---|
| စာမတတ်သူဦးရေ | ၃ | | ၃ |
| မူလတန်းအဆင့်ရှိသူ ဦးရေ | ၂၄၂ | ၂၃၅ | ၄၇၆ |
| အလယ်တန်းအဆင့်ရှိသူ ဦးရေ | ၂၅ | ၂၃ | ၄၈ |
| အထက်တန်းအဆင့်ရှိသူ ဦးရေ | ၈ | ၉ | ၁၇ |
| တက္ကသိုလ်/ကောလိပ် အဆင့်ရှိသူ ဦးရေ | ၄ | ၉ | ၁၃ |

ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် နေထိုင်သူလူဦးရေစုစုပေါင်း (၅၇၈)ဦးရှိသည့်အနက် စာမတတ်သူ (၁%)၊ မူလတန်းအဆင့် တတ်မြောက်သူ (၈၆%)၊ အလယ်တန်းအဆင့် တတ်မြောက်သူ(၈%)၊ အထက်တန်းအဆင့် တတ်မြောက်သူ (၃%)နှင့် တက္ကသိုလ်အဆင့် တတ်မြောက်သူ(၂%)ရှိပြီး ကျန်ရှိသော(၃%)မှာ နို့စို့အရွယ်ကလေးငယ်များနှင့် ၅-နှစ်အောက် ကလေးငယ်များ ဖြစ်ကြပါသည်။ ကျေးရွာမူလတန်းကျောင်းရှိသည့်အတွက် ကျေးရွာနေ ပြည်သူအများစုမှာ အနိမ့်ဆုံးမူလတန်းအဆင့် တတ်မြောက်သူများဖြစ်ကြပြီး စာမတတ်သူ ဦးရေအနည်းငယ်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဆ-၂) ကျောင်းတက်နှုန်း

ဇယား (၃၁) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၁၉ | ၂၂ | ၄၁ |
| အလယ်တန်း | ၂၁ | ၁၅ | ၃၆ |
| အထက်တန်း | | ၄၅ | ၉ |
| တက္ကသိုလ်/ကောလိပ် | ၃ | ၆ | ၉ |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**လေ့လာတွေ့ရှိချက်။** ။ အုတ်ရှစ်ကုန်းကျေးရွာမှ လက်ရှိအတန်းတက်ရောက် သင်ယူနေသူ ဦးရေမှာ မူလတန်းတွင် (၄၁)ဦး၊ အလယ်တန်းတွင် (၃၆)ဦး အထက်တန်းတွင် (၉)ဦးနှင့် တက္ကသိုလ် တက်ရောက်နေသူ (၉)ဦးရှိပါကြောင်း သိရှိရပါသည်။

## (ဆ-၃) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | ကျောင်းအဆင့် |
|---|---|
| **က။** ကျောင်းအဆင့် | အခြေခံပညာမူလတန်းကျောင်း |
| **ခ။** ရွာမှ အကွာအဝေး (မိုင်) | ဝ မှ ၁ မိုင် |
| **ဂ။** သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် |
| **ဃ။** စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်း ဧရိယာ (စတုရန်းပေ)* | စတုရန်းပေ (၈ဝဝ)<br>စတုရန်းပေ (၄ဝဝ) |
| **င။** အမိုး၊ နံရံ၊ အခင်း အရည်အသွေး | သင့် |
| **စ။**ကျောင်းသုံးပရိဘောဂလုံလောက်မှု | မလုံလောက်ပါ |

| အကြောင်းအရာ | ကျောင်းအဆင့် | | |
|---|---|---|---|
| **ဆ။** ကျောင်းအိမ်သာ အခြေအနေ | သင့် | | |
| **ဈ။** ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှု ရှိပါသည်။ | | |
| **ဇ။** ကျောင်းဆရာ/မ ဦးရေ | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | ၁ | ၄ | ၅ |
| ကျေးရွာခန့် | | | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ အုတ်ရှစ်ကုန်းကျေးရွာရှိ မူလတန်းကျောင်းတွင် စတုရန်းပေ(၈၀၀) အကျယ်ရှိ ကျောင်းဆောင်တစ်ဆောင်နှင့် စတုရန်းပေ (၄၀၀)အကျယ်ရှိ ကျောင်းဆောင် တစ်ဆောင် ရှိပါသည်။ မူလတန်းကျောင်းတွင် ကျောင်းသား (၂၂)ဦးနှင့် ကျောင်းသူ(၂၃)ဦး စုစုပေါင်း (၄၅)ဦး တက်ရောက် ပညာသင်ယူ လျှက်ရှိပါသည်။ အစိုးရခန့် ဆရာ/ ဆရာမ (၅)ဦးတို့မှ တာဝန်ယူ သင်ကြားလျှက်ရှိပါသည်။

## (ဆ-၄) ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ရရှိနိုင်မှု | လုံလောက် |
| တပည့် - ဆရာ အချိုး | ၄၀: ၁ အထက် |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | လတ် |
| မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ် | မရှိ |
| ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာ | မလုံလောက် |
| ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှု | အသင့်အတင့် |
| ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများလက်လှမ်းမီမှု | နည်း |

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | သင့် |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ ဆရာအင်အား လုံလောက်မှုရှိသဖြင့် သင်ကြားရေးတွင် အခက်အခဲမရှိပါ။ ဆင်းရဲသားမိသားစုများသဖြင့် အထက်တန်းပညာ ဆက်လက် တက်ရောက်ရန် မတတ်နိုင်သဖြင့် ကျောင်းထွက်ရသည့် ကျောင်းသားများ ရှိကြပါသည်။ မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ် ချမှတ်ထားမှု မရှိသေးပါ။ ကျောင်းသုံး စာအုပ်နှင့် စာရေးကိရိယာ လုံလောက်မှုရှိပါသည်။ ကျောင်း အားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှု အားနည်းကြောင်း တွေ့ရှိရပါသည်။ မိဘဆရာ အသင်းမှ ကျောင်းနှင့် ကျောင်းသားများ၏ လိုအပ်ချက်များကို အဓိကပံ့ပိုးကူညီ ပေးကြကြောင်း တွေ့ရှိရပါသည်။

### (၈) ကျန်းမာရေးနှင့် အာဟာရ

### (၈-၁) အဖြစ်များသော ရောဂါများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ ဖြစ်ပွားမှု |
|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မရှိ |
| ၂ | သွေးလွန်တုပ်ကွေး | မရှိ |
| ၃ | ငှက်ဖျား | မရှိ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | မရှိ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မရှိ |
| ၆ | တီဘီ | နိမ့် |
| ၇ | ဆီးချို | နိမ့် |

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ ဖြစ်ပွားမှု |
|---|---|---|
| ၈ | သွေးတိုး | နိမ့် |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မရှိ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မရှိ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မရှိ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ တီဘီ၊ သွေးတိုး၊ ဆီးချို၊ စသည့်တို့ ဖြစ်ပွားမှု အနည်းငယ် ရှိသော်လည်း အဟာရချို့တဲ့မှု၊ သွေးလွန်တုတ်ကွေး၊ ငှက်ဖျားရောဂါ၊ အဟာရ ချို့တဲ့မှုနှင့် HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများမဖြစ်ပွားဖူးကြောင်း သိရှိရ ပါသည်။

### (၈-၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | | မရှိ |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | | မရှိ |
| ၃ | ပိုလီယိုရောဂါ | ရှိ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ရှိ | |
| ၅ | ဝက်သက်ရောဂါ | ရှိ | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | ရှိ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | | မရှိ |

| စဉ် | ကာကွယ်ဆေးထိုးခြင်း | ရှိ | မရှိ |
|---|---|---|---|
| ၈ | အာဟာရ ပညာပေး အစီအစဉ် | | မရှိ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။အုတ်ရစ်ကုန်းကျေးရွာမှ (၂)မိုင်ခွဲခန့်အကွာတွင် တည်ရှိသော မဒင်းကျေးရွာ ကျန်းမာရေးဌာနခွဲမှ ကျန်းမာရေးဝန်ထမ်းများသည် ကျေးရွာသို့လာရောက်၍ ဝက်သက်ရောဂါကာကွယ်ဆေး၊ ဆင်ခြေထောက်ရောဂါ ကာကွယ်ဆေး၊ ဂျပန်ဦးနှောက် ရောင်ရောဂါ ကာကွယ်ဆေးနှင့် အခြားစုပေါင်း ကာကွယ်ဆေးထိုးနှံမှုများ ပုံမှန်ဆောင်ရွက်ကြောင်း သိရှိရပါသည်။

**(ဇ-၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)**

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာနခွဲ | ဝ မိုင် မှ ၁ မိုင် | မရှိ |
| မြို့နယ် ဆေးရုံ | ၁ဝ မိုင်အထက် | မရှိ |
| ဆေးဆိုင် | ရွာတွင် (သို့မဟုတ်) ရွာအနီး အနားတွင် ဆေးဆိုင် မရှိပါ | ☒ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ အုတ်ရစ်ကုန်းကျေးရွာနေပြည်သူများ ကျန်းမာရေးပြဿနာ ဖြစ်ပွားပါက ကျေးရွာနှင့် (၂)မိုင်ခွဲခန့်အကွာ မဒင်းကျေးရွာမှ ကျန်းမာရေးဆေးပေးခန်းနှင့် (၁၀)မိုင်ခန့်အကွာရှိ သရက်ခရိုင်ပြည်သူဆေးရုံကြီးသို့ သွားရောက် ဆေးကုသမှုခံယူကြ ကြောင်း၊ ကျေးရွာ(သို့မဟုတ်) ကျေးရွာအနီးတွင်လည်း ဆေးဆိုင် မရှိကြောင်း သိရှိရပါသည်။

**(ဈ) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

**(ဈ-၁) သောက်သုံးရေ ရရှိမှု**

ဇယား (၃၇) သောက်သုံးရေ ရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | သောက်သုံးရေ အရည်အသွေး စမ်း သပ် စစ်ဆေးထားမှု | ရေ အရည်အသွေး | သောက်သုံးရေ ရရှိ နိုင်မှုနှင့် လုံလောက် မှု အခြေအနေ |
|---|---|---|---|---|
| အဝီစိတွင်း/ စက်တပ် | ၅ | မရှိ | သင့် | နွေ Â<br>မိုး Â<br>ဆောင်း Â |
| အဝီစိတွင်း/ တုံကင် | ၃၀ | မရှိ | သင့် | နွေ Â<br>မိုး Â<br>ဆောင်း Â |
| ရေတွင်း | ၁ | မရှိ | သင့် | နွေ Â<br>မိုး Â<br>ဆောင်း Â |
| | | | | |
| | | | | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာနေအိမ်ထောင်စုများ သောက်သုံးရေရရှိမှုအနေဖြင့် ကျေးရွာပိုင်အုတ်စီတွင်း (၁)တွင်း၊ ရွာပိုင်စက်ရေတွင်း (၁)တွင်း၊ ပုဂ္ဂလိကပိုင် အဝီစိတွင်း/ စက်တပ်(၅)တွင်း၊ ပုဂ္ဂလိကပိုင် အဝီစိတွင်း/တုံကင်(၃၀)တွင်းမှ သုံးစွဲကြကြောင်း၊ ရေအရည် အသွေး စစ်ဆေးမှု မပြုလုပ်ရသေးကြောင်း၊ တစ်နှစ်ပတ်လုံး သောက်သုံးရေဖူလုံမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဈ-၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)**

ဇယား (၃၈) အိမ်သာ အမျိုးအစား

| **သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား** | **သုံးစွဲနိုင်သော အိမ်ထောင်စု** |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | – |
| ရေလောင်း/ယင်လုံအိမ်သာ | ၁၃၅ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | ၅ |
| တွင်းမရှိ အိမ်သာ | |
| အိမ်သာမရှိ | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေး ဌာန/ကျေးလက်ကျန်းမာ ရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှုအနေဖြင့် ကျေးရွာနေ အိမ်ထောင်စုအများစုသည် ရေလောင်း/ ယင်လုံအိမ်သာသုံးစွဲကြသည့်အတွက် ကျန်းမာရေး ဗဟုသုတရှိသော ကျေးရွာ ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ည) ကျား – မ ရေးရာ

ဇယား (၃၉) ကျား – မ ရေးရာ

| စဉ် | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက် သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | | မရှိ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ရှိ | |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/ အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | | မရှိ |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများ အတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာ များအတွက် လူထု၏ အသိ အမြင်ရှိမှု | | မရှိ |

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာမှ အမျိုးသမီးများအနေဖြင့် ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင်သာ ပါဝင်ဆောင်ရွက်မှု မရှိသော်လည်း ကျေးရွာသာရေး/နာရေး/လူမှုရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြကြောင်း၊ အမျိုးသမီးများ အကြမ်းဖက်ခံရမှုနှင့် အခြားသော အမှုကိစ္စများ ဖြစ်ပွားမှု မရှိကြောင်း သိရှိရပါသည်။

## (၄)	အခြေခံ အဆောက်အဦများ အခြေအနေ

### (၄-၁)  ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုး အစား | အရည် အသွေး | တည်ဆောက် ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|
| ရွာတွင်းလမ်း | မြေသားလမ်း | သင့် | (၂)နှစ်မှ (၅) နှစ် | တစ်နှစ်ပတ် လုံး | ၀-၁ မိုင် |
| ချဉ်းကပ်လမ်း | မြေသားလမ်း | သင့် | (၂)နှစ်မှ (၅) နှစ် | ပွင့်လင်းရာသီ | ၁-၅ မိုင် |
| ရွာချင်းဆက် လမ်း | မြေသားလမ်း | သင့် | (၂)နှစ်မှ (၅) နှစ် | ပွင့်လင်းရာသီ | ၁-၅ မိုင် |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။**	။ ကျေးရွာမှ အသုံးပြုသော ရွာတွင်းလမ်းများ၊ ချဉ်းကပ်လမ်းများ နှင့် ကျေးရွာချင်းဆက်လမ်းများအားလုံးမှာ မြေသားလမ်းများဖြစ်ပြီး လမ်းများအားလုံးမှာ ခြောက်သွေ့ရာသီတွင် သွားလာရလွယ်ကူသော်လည်း မိုးရာသီတွင် ရွှံ့ဗွက်များဖြင့် သွားလာရန် ခက်ခဲကြောင်း ၊ လမ်းအဆင့် မြှင့်တင်ရန် လိုအပ်လျှက်ရှိကြောင်း လေ့လာ တွေ့ရှိ ရပါသည်။

## (၄-၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

| တံတား အမျိုးအစား | အရွယ်အစား (အလျား၊အနံ၊ အမြင့်) | အရည် အသွေး | တည်ဆောက် ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| ကွန်ကရစ် တံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ တစ်နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်းရာသီး☐<br>တစ်နှစ်ပတ်လုံး ☐ |
| သစ်သား တံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ တစ်နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်းရာသီး☐<br>တစ်နှစ်ပတ်လုံး ☐ |
| ကြိုးတံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ တစ်နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်းရာသီး ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ဝါးတံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ တစ်နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်းရာသီး☐<br>တစ်နှစ်ပတ်လုံး ☐ |
| ရေပြွန် | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ တစ်နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်းရာသီး ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ရေကျော် | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ တစ်နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်းရာသီး ☐<br>တစ်နှစ်ပတ်လုံး ☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အုတ်ရှစ်ကုန်းကျေးရွာတွင် တံတားမရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၄-၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး**

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ်အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|
| မြစ်ကြောင်း | အသုံးမပြုပါ | ☒ | ☒ |
| ချောင်း | အသုံးမပြုပါ | ☒ | ☒ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအနီးတွင် ချောင်း/မြစ်မရှိသည့်အတွက် ရေကြောင်း အသုံးပြုမှုမရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၄-၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ**

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | | | ၂၂ | ၆၀ | ၁ | | ၂ | | ၁၀၃ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ အုတ်ရှစ်ကုန်းကျေးရွာနေ အိမ်ထောင်စုများပိုင်ဆိုင်သည့် သယ်ယူပို့ဆောင်ရေးယာဥ်များအနေဖြင့်စက်ဘီး(၂၂)စီး၊မော်တော်ဆိုင်ကယ်(၆၀)စီး၊ သုံးဘီးဆိုင်ကယ် (၁)စီး၊ မော်တော်ကား(၂)စီးနှင့် နွားလှည်း(၁၀၃)စီး ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၄) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် | အခက်အခဲ |
|---|---|---|---|
| ဒီဇယ်သုံးအင်ဂျင် | ၃ | ညံ့ | ရှိ |
| ဆိုလာစနစ် | ၁၁၇ | ညံ့ | ရှိ |
| အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင် သော လျှပ်စစ်ဓာတ်အားပေးစနစ် | ၂၀ | ညံ့ | ရှိ |
| လျှပ်စစ်မီးအသုံးမပြုနိုင်သော | ၁၄၀ | ☒ | ☒ |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လျှပ်စစ်မီးမရရှိသေးကြောင်း၊ (၃)အိမ်မှာ ပုဂ္ဂလိကပိုင် ဒီဇယ်သုံးအင်ဂျင်မီး အသုံးပြုကြကြောင်း၊ ဆိုလာမီးအား (၁၁၇)အိမ် အသုံးပြုကြကြောင်း၊ အခြားအိမ်များမှာ ဖယောင်းတိုင်၊ ဘက်ထရီစသည်တို့ သုံးစွဲကြကြောင်း သိရှိရပါသည်။

## (၃) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| အမျိုးအမည် | ဖုန်း | ရေဒီယို | တီဗွီ | ဂြိုလ်တုစလောင်း |
|---|---|---|---|---|
| **အရေအတွက်** | ၁၇၈ | ၆၄ | ၄၅ | ၂၅ |

ရင်းမြစ်... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာနေအိမ်ထောင်စု အများစုမှာ တယ်လီဖုန်းများ ပိုင်ဆိုင်ကြခြင်း၊ တီဗွီနှင့် ဂြိုလ်တုစလောင်းများ ပိုင်ဆိုင်ကြခြင်းတို့ကြောင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးအခြေအနေ အတန်အသင့် ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

## (ဃ) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

| ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး ဆိုင်ရာများ | ဝန်ဆောင်မှု |
|---|---|
| လူငယ်များ အနားယူ အပန်းဖြေရန် နေရာများ ပျော်ပွဲရွှင်ပွဲ များ ရှိခြင်း | မရှိ |
| လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု | သင့် |
| ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု | သင့် |
| အားကစားနှင့် ကာယလေ့ကျင့်ခန်းများ ပြုလုပ်ရန်နေရာနှင့် အထောက်အကူပြု ပစ္စည်းများ ရှိခြင်း | သင့် |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု | သင့် |
| ရိုးရာဓလေ့ထုံးစံများနှင့် ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းတွင် ပါဝင်မှု | နည်း |

| ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး ဆိုင်ရာများ | ဝန်ဆောင်မှု |
|---|---|
| စိတ်ဝင်စားရာများကို မိမိကိုယ်တိုင် လေ့လာသင်ယူနိုင်မည့် နေရာများ၊ လူငယ်ရိပ်သာများ၊ စာကြည့်တိုက်များ စသည် တို့တွင် ဝင်ရောက် လေ့လာသင်ယူနိုင်ခြင်း | မရှိ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးဆိုင်ရာများ ၊ ဘာသာရေး လုပ်ငန်းများတွင် ပါဝင်မှုရှိပါသည်။ ကျေးရွာတွင် အားကစားနှင့် ကာယလေ့ကျင့်ခန်းများ ပြုလုပ်ရန်နေရာနှင့် အထောက်အကူပြုပစ္စည်းများ နည်းပါးကြောင်း၊ စာကြည့်တိုက်လည်း မရှိသေးကြောင်း သိရှိရပါသည်။

### (ဏ) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

### (ဏ-၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| တယ်လီဖုန်းလိုင်း၊ တယ်လီဖုန်းတာဝါတိုင်များ၊ ကြေးနန်းလိုင်း၊ အင်တာနက် လိုင်း၊ ရုပ်မြင်သံကြားလိုင်း၊ ရေဒီယိုလိုင်းစသော ဆက်သွယ်ရေးနှင့် သတင်း အချက်အလက် ဖြန့်ဝေခြင်း ဆိုင်ရာ အထောက်အကူပြု အဆောက်အဦများရှိခြင်း | မရှိ |
| အာမခံလုပ်ငန်းများ၏ ဝန်ဆောင်မှုများကို ရရှိနိုင်ခြင်း | မရှိ |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ် | မရှိ |
| မှုခင်းများ ကာကွယ်တားဆီး လျှော့ချရေးအတွက် ရဲဘက်ဆိုင် ရာများမှ ဝန်ဆောင်မှုပေးခြင်း | မရှိ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။

**လေ့လာတွေ့ရှိချက်။** ။ အုတ်ရှစ်ကုန်းကုန်းကျေးရွာတွင် ဆက်သွယ်ရေးဖုန်းလိုင်းများ မိသဖြင့်ွ်္ ဆက်သွယ်ရေးကဏ္ဍမှာ အဆင်ပြေလျှက်ရှိပါကြောင်း၊ ကျေးရွာအတွင်း အာမခံ လုပ်ငန်းများ၏ ဝန်ဆောင်မှုများ မရှိပါကြောင်း၊ လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ်များ ဆောင်ရွက်ရန် အစီအစဉ်မရှိသေးပါကြောင်း၊ မှုခင်းများကာကွယ် တားဆီးလျော့ချရေးအတွက် ရဲဘက်ဆိုင်ရာများမှဟောပြောပွဲများ ကျင်းပမှုမရှိသေးကြောင်း သိရှိရပါသည်။

## (၈-၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

| **မှုခင်းဖြစ်ပွားမှု အခြေအနေ** | **လူကုန်ကူးမှု** | **ခိုးမှု** | **မူးယစ်ဆေးသုံးစွဲမှု** | **အကြမ်းဖက်မှု** |
|---|---|---|---|---|
| | မရှိ | မရှိ | မရှိ | မရှိ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ တရားဥပဒေစိုးမိုးမှုရှိပြီး တည်ငြိမ်အေးချမ်းသော ကျေးရွာဖြစ် သည့်အတွက် လူကုန်ကူးမှု၊ ခိုးမှု၊ မူးယစ်ဆေးသုံးစွဲမှု၊ အကြမ်းဖက်မှုစသည့် မှုခင်းများ မဖြစ်ပွားဖူးကြောင်း လေ့လာတွေ့ရှိရပါသည်။

**အုတ်ရှစ်ကုန်းကျေးရွာ၏ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား**

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းရန် နည်းလမ်းများ | အဆိုပြု စီမံချက်နှင့် လုပ်ငန်းစဉ် |
|---|---|---|---|---|---|---|
| **က။ လမ်းပမ်းဆက်သွယ်ရေး** | | | | | | |
| ၁ | သွားရေးလာရေး ခက်ခဲခြင်း | ကျေးရွာတွင်းလမ်းများ အားလုံးမြေသားလမ်း များဖြစ်ခြင်း | ပွင့်လင်းရာသီတွင် သွားလာ၍ရခြင်း | ရန်ပုံငွေ မရှိခြင်း နည်းပညာအားနည်း ခြင်း | လွှတ်တော်ကိုယ်စားလှယ် ကြီးများနှင့်သက်ဆိုင်ရာ ဦးစီးဌာနတို့အားတင်ပြ၍ ဘတ်ဂျက်တောင်းခံခြင်း | ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရန်ပုံငွေသိန်း(၁၀၀)ဖြင့် ကျေးရွာတွင်းကျောက်ချော လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် အတွက် ကျေးလက် ဒေသဖွံ့ဖြိုး တိုးတက် ရေးဦးစီးဌာန သို့တင်ပြ သွားရန် |
| **ခ။ ပညာရေး** | | | | | | |
| ၂ | စာသင်ကျောင်း ဆောင်အိုဟောင်း ပျက်စီးနေခြင်း | ကျေးရွာမှ ကိုယ်ထူ ကိုယ်ထစနစ်ဖြင့် ကျောင်းဆောင်ဟောင်း အားပြုပြင်၍ အသုံးပြု ဆောင်ရွက်ထားရခြင်း | မိဘဆရာအသင်းနှင့် ရပ်ရွာမှ ပညာရေးကို အားပေးခြင်းနှင့် ရပ် ရွာမှထောက်ပံ့မှုများ ပြုလုပ်ပေးခြင်း | ရန်ပုံငွေ မရှိခြင်း နည်းပညာအားနည်းခြင်း | လွှတ်တော်ကိုယ်စားလှယ် ကြီးများနှင့်သက်ဆိုင်ရာ ဦးစီးဌာနတို့အားတင်ပြ၍ ဘတ်ဂျက်တောင်းခံခြင်း | စာသင်ကျောင်းဆောင် ဟောင်းအားဖျက်၍ အသစ် ဆောက်လုပ်ရန် |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းရန်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းစဉ် |
|---|---|---|---|---|---|---|
| **ဂ။ သန့်ရှင်းသော သောက်သုံးရေရရှိရေး** | | | | | | |
| ၃ | သောက်သုံးရေ အလွယ်တကူ မရရှိခြင်း | ရွာပိုင်ရေတွင်း (၁)တွင်းသာရှိခြင်း | | ကုန်ကျစရိတ်အလွန်များပြားခြင်း | လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့်သက်ဆိုင်ရာဦးစီးဌာနတို့အားတင်ပြ၍ ဘတ်ဂျက်တောင်းခံခြင်း | စက်ရေတွင်းတူးဖော်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်း၊ ဂါလံ(၅၀၀၀)ဆံ့ ရေကန်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ရန် |
| **ဃ။ မီးရရှိရေး** | | | | | | |
| ၄ | ကျေးရွာပြည်သူများမှ မီးမရရှိခြင်း | မြို့နယ်နှင့်(၁၀)မိုင်ကျော်ခန့် ဝေးခြင်း၊ ကျေးရွာနေ ပြည်သူများ ငွေကြေးမတတ်နိုင်ခြင်း | ကျေးရွာမှလုပ်အားထည့်နိုင်ခြင်း၊ | ရန်ပုံငွေ မရှိခြင်း နည်းပညာအားနည်းခြင်း | လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့်သက်ဆိုင်ရာဦးစီးဌာနတို့အားတင်ပြ၍ ဘတ်ဂျက်တောင်းခံခြင်း | ကျေးရွာတွင် မီးရရှိရေး သက်ဆိုင်ရာဦးစီးဌာနသို့ တင်ပြတောင်းခံရန် |

| | | | | | | | |
|---|---|---|---|---|---|---|---|
| **င။ ကျန်းမာရေး** | | | | | | | |
| | ၅ | အားကစားလိုက်စားမှု အားနည်းခြင်း | အားကစားကွင်းနှင့် အားကစားပစ္စည်း မရှိခြင်း | အားကစားလုပ်ရန် စိတ်အားထက်သန် မှုရှိခြင်း | မြေနေရာမရှိခြင်း | ကျေးရွာနေပြည်သူများမှ ပူးပေါင်း၍ ရန်ပုံငွေစုဆောင်း ရန် | အားကစားကွင်း တည်ဆောက်ရန် |
| | ၆ | ဖျားနာ၊ သွေးတိုး၊ ဆီးချိုစသည့် ရောဂါ များဖြစ်ပွားခြင်း | မိသားစုစားဝတ်နေရေး အတွက် အလုပ်လုပ်ဂြခြင်း | (၂)မိုင်ခွဲခန့် ဝေးသော မဒင်းကျေးရွာတွင် ကျန်းမာရေးဆေး ပေး ခန်းရှိခြင်း | | ကျန်းမာရေးဦးစီးဌာနသို့ တင်ပြ၍ ဆေးပေးခန်းနှင့် ဝန်ထမ်း တောင်းခံရန် | ကျန်းမာရေးဆေးပေးခန်း နှင့် ဝန်ထမ်းများချထားပေးရန် |
| **စဉ်** | **ပြဿနာ** | | **အကြောင်းရင်း** | **အခြေအနေ ကောင်းများ** | **အဟန့်အတားနှင့် စိန်ခေါ်မှု** | **ဖြေရှင်းရန် နည်းလမ်းများ** | **အဆိုပြု စီမံချက်နှင့် လုပ်ငန်းစဉ်** |
| **စ။ မွေးမြူရေး** | | | | | | | |
| | ၇ | ရာသီဥတုရောဂါပိုး ကူးစက်မှုကြောင့် တိရစ္ဆာန်အချို့ သေဆုံးခြင်း | ရာသီဥတုအခြေအနေ ကြောင့် ရောဂါပိုး ကူးစက်ခြင်း | လေကောင်းလေ သန့်ရရှိခြင်း | ရောဂါရှိသော တိရစ္ဆာန်အား သီးခြားထားရန် မြေနေရာမရှိခြင်း | သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ရန် | မွေး/ကုဦးစီးဌာနသို့ ဆက်သွယ်၍ကာကွယ်ဆေး ထိုးနှံခြင်း၊ ကြိုတင် ကာကွယ်မှုများဆောင်ရွက် ခြင်းနှင့် အသိပညာပေး ဟောပြောပွဲများကျင်းပခြင်း |

## ဦးစားပေး စီမံချက် အဆိုပြုလွှာ (၁)

| | |
|---|---|
| ကျေးရွာ | - အုတ်ရှစ်ကုန်းကျေးရွာ |
| ကျေးရွာအုပ်စု | - အုတ်ရှစ်ကုန်းကျေးရွာအုပ်စု |
| မြို့နယ် | - သရက်မြို့နယ် |
| တိုင်းဒေသကြီး / ပြည်နယ် | - မကွေးတိုင်းဒေသကြီး |

**စီမံချက်အမည် -** ကျေးရွာတွင်းလမ်း ကျောက်ချောလမ်းခြင်းလုပ်ငန်း

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

အုတ်ရှစ်ကုန်းကျေးရွာတွင်းလမ်းများ အားလုံးမှာ မြေသားလမ်းများဖြစ်သဖြင့် မိုးရာသီကာလတွင် ရွှံ့/ဗွက်များဖြင့် သွားလာရန် အလွန်ခက်ခဲသဖြင့် လမ်းအဆင့်မြှင့်တင်ရန် လိုအပ်ပါသည်။

**စီမံချက်ရည်ရွယ်ချက်**

ကျေးရွာတွင်းလမ်းများအားလုံး တစ်နှစ်ပတ်လုံး အဆင်ပြေချောမွေ့စွာ သွားလာနိုင်စေရန်။

**မျှော်မှန်း အကျိုးရလဒ်**

ကျေးရွာနေပြည်သူများ လမ်းပမ်းဆက်သွယ်ရေး တစ်နှစ်ပတ်လုံး အဆင်ပြေချောမွေ့စွာ သွားလာနိုင်မည် ဖြစ်ပါသည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း**

| |
|---|
| ကျေးရွာတွင်းလမ်းကျောက်ချောလမ်းခြင်းလုပ်ငန်း (၁၈၀၀’×၁၂’×၆”) ဆောင်ရွက်သွားမည်ဖြစ်ပါ သည်။ |
| **ကုန်ကျစရိတ်ထည့်ဝင်မှု –** ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေ သိန်း(၁၀၀)နှင့် ပြည်သူထည့်ဝင်ငွေ (၁၅၂၃၁၀၀) |

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့်အစီအစဉ် |
|---|---|
| • (၁၀၀,၀၀၀၀၀)ကျပ် | • ကျေးလက်ဦးစီး |
| • (၁၅၂၃၁၀၀)ကျပ် | • ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၂၇၉ | ၂၉၉ | ၅၇၈ | ၃၆ | ၄၇ | ၃၈ | ၁၉ | ၁၄၀ |
| **အကျိုးခံစားမည့် ဦးရေ** | ၂၇၉ | ၂၉၉ | ၅၇၈ | ၃၆ | ၄၇ | ၃၈ | ၁၉ | ၁၄၀ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| | |
|---|---|
| **(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း** | – ကျေးရွာဖွံ့ဖြိုးရေးကော်မတီ |
| **(၂) စီမံချက် စတင်မည့်အချိန် (ခန့်မှန်း)** | – ၂၀၁၈ -၂၀၁၉ ဘဏ္ဍာရေးနှစ် |
| **(၃) စီမံချက် ပြီးစီးမည့်အချိန်** | – ၂၀၁၈ -၂၀၁၉ ဘဏ္ဍာရေးနှစ် |

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်**

လုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သော ငွေကျပ် (၁၅၂၃၁၀၀)တို့အား ပြည်သူမှ ထည့်ဝင်သွားမည်ဖြစ်ပါသည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေး ဆိုင်ရာ အစီအစဉ်များ**

လုပ်ငန်းအား ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ ဦးဆောင်မှု၊ ပြည်သူတို့၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ကျောက်ချောလမ်း ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ကျေးရွာနေပြည်သူများမှ ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ဦးစားပေး စီမံချက် အဆိုပြုလွှာ (၂)

| | |
|---|---|
| ကျေးရွာ | - အုတ်ရှစ်ကုန်းကျေးရွာ |
| ကျေးရွာအုပ်စု | - အုတ်ရှစ်ကုန်းကျေးရွာအုပ်စု |
| မြို့နယ် | - သရက်မြို့နယ် |
| တိုင်းဒေသကြီး / ပြည်နယ် | - မကွေးတိုင်းဒေသကြီး |

**စီမံချက်အမည် -** စာသင်ကျောင်းဆောင်ဟောင်း ပြုပြင်တည်ဆောက်ရန်

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

အုတ်ရှစ်ကုန်းကျေးရွာရှိ စာသင်ကျောင်းဆောင်ဟောင်းတစ်ဆောင်မှာ ဟောင်းနွမ်းနေပြီး ကလေးငယ်များအတွက် အန္တရာယ်ဖြစ်စေနိုင်သည့်အတွက် အဆိုပါကျောင်းဆောင်အား ဖြိုဖျက်၍ စာသင်ဆောင်အသစ် ပြန်လည်တည်ဆောက်ရန် လိုအပ်ပါသည်။

**စီမံချက်ရည်ရွယ်ချက်**

ကျောင်းသားကျောင်းသူများ ဘေးအန္တရာယ်ကင်းစွာဖြင့် စာသင်ယူနိုင်စေရန်။

**မျှော်မှန်း အကျိုးရလဒ်**

ကျောင်းသားကျောင်းသူများအားလုံး ဘေးန္တရာယ်ကင်းကင်း လုံခြုံစွာဖြင့် စာသင်ယူနိုင်မည်ဖြစ်ပါသည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း**

| |
|---|
| ပေ(၆၀’×၃၀’)ရှိ စာသင်ကျောင်းဆောင်ဟောင်းအား အသစ်ပြန်လည်တည်ဆောက်သွားမည် ဖြစ်ပါသည်။ |
| **ကုန်ကျစရိတ်ထည့်ဝင်မှု –** သက်ဆိုင်ရာဦးစီးဌာနအား ရန်ပုံငွေတင်ပြတောင်းခံရန် |

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့်အစီအစဉ် |
|---|---|
| | • သက်ဆိုင်ရာဦးစီးဌာန<br>• ကျေးရွာ |

| **အကျိုးခံစားသူဦးရေ** | **လူဦးရေ** | | | **ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)** | | | | |
|---|---|---|---|---|---|---|---|---|
| | **ကျား** | **မ** | **ပေါင်း** | **၁** | **၂** | **၃** | **၄** | **ပေါင်း** |
| **ကျေးရွာအဆင့်** | ၂၂ | ၂၃ | ၄၅ | | | | | |
| **အကျိုးခံစားမည့် ဦးရေ** | ၂၂ | ၂၃ | ၄၅ | | | | | |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| | |
|---|---|
| **(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း** | – ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် သက်ဆိုင်ရာဦးစီးဌာန |
| **(၂) စီမံချက် စတင်မည့်အချိန် (ခန့်မှန်း)** | – ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ် |
| **(၃) စီမံချက် ပြီးစီးမည့်အချိန်** | – ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ် |

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်**

ကျောင်းဆောင်သစ်ပြုပြင်တည်ဆောက်ရန် လိုအပ်သော ရန်ပုံငွေအား သက်ဆိုင်ရာ ဦးစီးဌာနသို့ တင်ပြတောင်းခံမည်ဖြစ်ပြီး လုပ်အားလိုအပ်ပါက ကျေးရွာမှ ပူးပေါင်းပါဝင် ဆောင်ရွက်မည်ဖြစ်ပါသည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

လုပ်ငန်းအား ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ ဦးဆောင်မှု၊ ပြည်သူတို့၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ စာသင်ကျောင်းဆောင် ရေရှည်တည်တံ့ ခိုင်မြဲစေရေး အတွက် ကျေးရွာနေပြည်သူများမှ ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ဦးစားပေး စီမံချက် အဆိုပြုလွှာ (၃)

| | |
|---|---|
| ကျေးရွာ | - အုတ်ရှစ်ကုန်းကျေးရွာ |
| ကျေးရွာအုပ်စု | - အုတ်ရှစ်ကုန်းကျေးရွာအုပ်စု |
| မြို့နယ် | - သရက်မြို့နယ် |
| တိုင်းဒေသကြီး / ပြည်နယ် | - မကွေးတိုင်းဒေသကြီး |

**စီမံချက်အမည် -** စက်ရေတွင်းတူးဖော်ခြင်းနှင့် ရေကန်တည်ဆောက်ခြင်းလုပ်ငန်း

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

ကျေးရွာနေအိမ်ထောင်စု(၁၄၀)စုအနက် ကိုယ်ပိုင်အဝီစိတွင်း ပိုင်ဆိုင်သူအိမ်ထောင်စု (၃၅)စုသာ ရှိပြီး ကျန်ရှိသော အိမ်ထောင်စုများသည် ကျေးရွာပိုင်အုတ်စီတွင်းနှင့် စက်ရေတွင်း ရယူသုံးစွဲကြရသဖြင့် ကျေးရွာနေပြည်သူများအားလုံး သောက်သုံးရေ လွယ်ကူဖူလုံစွာ ရယူသုံးစွဲနိုင်ရေးအတွက် ရေရရှိရေး လုပ်ငန်း ဆောင်ရွက်ရန် လိုအပ်ပါသည်။

**စီမံချက်ရည်ရွယ်ချက်**

ကျေးရွာတွင်နေထိုင်သည့် ကျေးရွာသူကျေးရွာသားများအားလုံး တစ်နှစ်ပတ်လုံး သောက်သုံးရေ လွယ်ကူချောမွေ့ဖူလုံစွာ ရယူသုံးစွဲနိုင်စေရန်။

**မျှော်မှန်း အကျိုးရလဒ်**

တစ်နှစ်ပတ်လုံး သောက်သုံးရေ လွယ်ကူဖူလုံစွာဖြင့် ရယူသုံးစွဲနိုင်မည်ဖြစ်ပါသည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း**

စက်ရေတွင်းတူးဖော်ခြင်းနှင့် ဂါလံ(၅၀၀၀)ဆံ့ အုတ်ရေကန် တည်ဆောက်သွားမည် ဖြစ်ပါသည်။

| | |
|---|---|
| **ကုန်ကျစရိတ်ထည့်ဝင်မှု –** သက်ဆိုင်ရာဦးစီးဌာနသို့ တင်ပြတောင်းခံသွားမည်ဖြစ်ပါသည်။ | |
| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့်အစီအစဉ် |
| | • သက်ဆိုင်ရာဦးစီးဌာန<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | **ကျား** | **မ** | **ပေါင်း** | **၁** | **၂** | **၃** | **၄** | **ပေါင်း** |
| **ကျေးရွာအဆင့်** | ၂၇၉ | ၂၉၉ | ၅၇၈ | ၃၆ | ၄၇ | ၃၈ | ၁၉ | ၁၄၀ |
| **အကျိုးခံစားမည့် ဦးရေ** | ၂၇၉ | ၂၉၉ | ၅၇၈ | ၃၆ | ၄၇ | ၃၈ | ၁၉ | ၁၄၀ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| | |
|---|---|
| **(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း** | – သက်ဆိုင်ရာဦးစီးဌာနနှင့် ကျေးရွာနေပြည်သူများ |
| **(၂) စီမံချက် စတင်မည့်အချိန် (ခန့်မှန်း)** | – ၂၀၂၁–၂၀၂၂ ဘဏ္ဍာရေးနှစ် |
| **(၃) စီမံချက် ပြီးစီးမည့်အချိန်** | – ၂၀၂၁–၂၀၂၂ ဘဏ္ဍာရေးနှစ် |
| **(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်**<br><br>လုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သော ရန်ပုံငွေအား သက်ဆိုင်ရာဦးစီးဌာနမှ | |

| |
|---|
| တင်ပြတောင်းခံသွားမည်ဖြစ်ပြီး လုပ်အားလိုအပ်ပါက ကျေးရွာမှ ထည့်ဝင်သွားမည် ဖြစ်ပါ သည်။ |
| **(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**<br><br>လုပ်ငန်းအား ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ ဦးဆောင်မှု၊ ပြည်သူတို့၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ရေပေးရေးလုပ်ငန်း ရေရှည်တည်တံ့ ခိုင်မြဲစေရေး အတွက် ကျေးရွာနေပြည်သူများမှ ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ |